ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့ (7-11-2010) (၆၇၇)

ဂန့်ဂေါမြို့နယ်၌ စမ်းသပ်တိုင်းတာမှုများအရ ရေနံနှင့် သဘာဝဓာတ်ငွေ့ စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်းတွေ့ရှိရ

ပုလဲမြို့နယ်၌လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းမှုအလားအလာ လွန်စွာကောင်းမွန်ကြောင်းတွေ့ရှိ

နေပြည်တော် နိုဝင်ဘာ ၆

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော စွမ်းအင်ကဏ္ဍကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဝန်ကြီးဌာနရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ပညာရှင်များက နိုင်ငံပိုင်တွင်းတူးစက်များဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံခြားကုမ္ပဏီများနှင့် အကျိုးတူ Production Sharing Contract (PSC) စာချုပ်များ ချုပ်ဆိုကာ ရှာဖွေတူးဖော်ရေး လုပ်ငန်းများကိုလည်း ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

ပုထိုးလုံ တွင်းအမှတ်(၂)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ဂန့်ဂေါ မြို့နယ်ရှိ ကုန်းတွင်းလုပ်ကွက် အမှတ် (D) ပုထိုးလုံ တွင်းအမှတ်(၂) မှ သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။
(စွမ်းအင်)

ထိုသို့ အကျိုးတူ PSC စာချုပ်များ ချုပ်ဆို လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများအနက် SINOPEC INTERNATIONAL PETROLEUM (MYANMAR) CO., Ltd. သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဂန့်ဂေါမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပုလဲ၊ ယင်းမာပင်၊ ကနီနှင့် မင်းကင်းမြို့နယ်များအတွင်း၌ ကျရောက်တည်ရှိသော ကုန်းတွင်းလုပ်ကွက် အမှတ် BLOCK-D (မဟူတောင်ဒေသ) အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့များကို တူးဖော်ထုတ်လုပ်နိုင်ရန် ၂၀၀၇ ခုနှစ် ခန့်ကစတင်၍ ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ပုထိုးလုံဘူမိအနေအထား (ပုထိုးလုံ Structure) ၏ ခိုအောင်းလွှာ (Trap) တစ်ခုတည်း၌ပင် ကနဦး သဘာဝဓာတ်ငွေ့ ခိုအောင်းမှု ၉၀၉ ဘီလီယံ ကုဗပေ နှင့် ရေနံ(Condensate) စည်သန်းပေါင်း ၇ ဒသမ ၁၆ သန်းခန့်ရှိကြောင်း စမ်းသပ်တိုင်းတာရရှိခဲ့။

ဂန့်ဂေါ မြို့ နယ် ရှိ ကုန်း တွင်း လုပ် ကွက် အမှတ် (D) ပု ထိုး လုံ တွင်း အ မှတ် (၂) တွင်း တူး စင်ကို တွေ့ ရစဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၇-၁၁-၂၀၁၀
(တနင်္ဂနွေနေ့)

မဲဆန္ဒရှင်ကိုယ်စီ ယနေ့ မဲပေးမည်

၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၇) ရက်။

ပြည်သူအများ မျှော်လင့်စောင့်စားနေကြသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ယနေ့ကျင်းပပြီ။ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကြီး အောင်မြင်စေရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ စီစဉ်ဆောင်ရွက်ထားသည်။

နံနက် ၆ နာရီမှစတင်၍ မဲရုံများဖွင့်ထားပြီ။ ညနေ ၄ နာရီအထိ ဖြစ်သည်။ မဲရုံများသို့ အရောက်သွား၍ ကိုယ်စီကိုယ်င ဆန္ဒမဲပေးကြမည်။

မဲရုံဖွင့်စ မဲဆန္ဒရှင်များရှေ့တွင် မဲပုံးများဖွင့်ပြမည်။ ခါပြမည်။ အများယုံမှ မဲပုံးပြန်ပိတ်ပြီး မဲထည့်စေမည်။ မဲဆန္ဒရှင်များ လွတ်လပ်စွာလျှို့ဝှက်ဆန္ဒပြုခန်းတွင်ဝင်၍ စိတ်ကြိုက်ရွေး မဲပေးနိုင်သည်။ ရွေးချယ်လိုသော ကိုယ်စားလှယ်အမည်နှင့် သင်္ကေတဘေးရှိ ကွက်လပ်တွင် အမှန်ခြစ်(✔) ပြီး ခေါက်ချိုးခေါက်၍ လူမြင်ကွင်း၌ထားရှိသော မဲပုံးထဲသို့ ထည့်ကြရပေမည်။

အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်းများအတွက် မဲထည့်ကြမည်ဖြစ်သည်။ ဒေသတွင်းရှိ တိုင်းရင်းသားများသည် လွှတ်တော်သုံးရပ်အတွက် မဲပုံးသုံးပုံးတွင် မဲထည့်ကြရမည့်အပြင် သက်ဆိုင်ရာ တိုင်းရင်းသား မဲပုံးတွင်ပါ မဲထည့်နိုင်ကြမည်ဖြစ်သည်။

နိုင်ငံသားတစ်ဦးအနေဖြင့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ခြင်းသည် အခြေခံရပိုင်ခွင့် ဖြစ်သည်။ မိမိဆန္ဒနှင့်အညီ လွတ်လွတ်လပ်လပ် မဲပေးရွေးချယ်ဆန္ဒပြုနိုင်ခြင်းသည် အခြေခံ လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်။

ဒီမိုကရေစီနှင့် ထိုက်တန်သည့် နိုင်ငံသားတိုင်းက နိုင်ငံနှင့်လူမျိုး တိုးတက်ရေး ကိုယ်ကျိုးမဖက် စွမ်းဆောင်နိုင်မည့် ကိုယ်စားလှယ်လောင်းများအား ရွေးချယ်ဆန္ဒမဲပေးကြခြင်းဖြင့် နိုင်ငံသားတစ်ဦး၏ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးတွင် တာဝန်ကျေပွန်မှုကို ဂုဏ်ယူပြသကြမည် ဖြစ်ပါသည်။ ။

၂၀၁၀ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်နှင့် ကာယအလှမယ် ပဏာမ လူရွေးပြိုင်ပွဲတွင် အငယ်တန်း ကာယအလှမယ်ပြိုင်ပွဲ၌ ပထမဆုရရှိသော မရတနာဖြူ (ပန်းဘဲတန်း)အား မြန်မာနိုင်ငံ ကာယဗလမောင်နှင့် ကာယအလှအဖွဲ့ချုပ်အမှုဆောင် ဒေါ်ဖြူဖြူခိုင် ဆုချီးမြှင့်စဉ်။
(ကာယဗလမောင်နှင့် ကာယအလှအဖွဲ့ချုပ်)

Computer Networking with CCNA တန်းခွဲသစ် ဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၆

မြန်မာ့ ICT ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတကာ၌ တွင်ကျယ်စွာ အသုံးပြုနေသော Networking Certificate တစ်ခုဖြစ်သည့် CCNA သင်တန်း တန်းခွဲသစ်ကို NetInfo နည်းပညာသင်တန်းကျောင်းက ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

Computer Networking ကို လေ့လာနေသူများအတွက် CCNA ကို မဖြစ်မနေရယူကြကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများလည်းရှိကြောင်း၊ ခြောက်လအတွင်း Professional တစ်ယောက်အဖြစ် ရပ်တည်နိုင်ကြောင်း စသည်တို့ကြောင့် မြန်မာလူငယ်များအတွင်း CCNA လက်မှတ်ကို နှစ်သက်ကြသည်။ သင်ရိုးညွှန်းတမ်းကို သေချာစွာမသိခြင်း၊ အသုံးပြုရမည့် Software Simulation များကို ကောင်းစွာ အသုံးမချနိုင်ခြင်း၊ မေးခွန်းဟောင်းများကို လေ့လာရုံဖြင့် ဖြေဆိုရန်မလုံလောက်ခြင်း၊ သင်ထောက်ကူပစ္စည်းများမသုံးနိုင်ခြင်းတို့ကြောင့် CCNA ကိုသင်ယူရန် အခက်အခဲဖြစ်နေခြင်းတို့ကို ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ CCNA သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်သည်။

သင်တန်းတွင် လေ့ကျင့်ပေးသော သင်ထောက်ကူပစ္စည်းများမှာ နိုင်ငံတကာအဆင့်မီ Cisco Router ကိုးခုနှင့် Cisco Switch ခုနစ်ခု အသုံးပြု၍ သင်ကြားပေးသဖြင့် ပြည်ပတွင် လက်တွေ့လုပ်ငန်းခွင်ဝင်ရောက်သည့် အတွေ့အကြုံများကို ရရှိစေမည်ဖြစ်သည်။ အမှန်တကယ် တတ်မြောက်နိုင်ရန် Cisco Lab အသုံးပြု လေ့ကျင့်ပေးသဖြင့် နိုင်ငံတကာအဆင့်မီ Computer Network ပညာရှင်ဖြစ်ရုံမက Cisco မှ ပေးအပ်သော Cisco Certified Network Associate Certificate စာမေးပွဲဖြေဆိုရန် အဆင်သင့်ဖြစ်မည်။ ယင်းသင်တန်းသည် ကွန်ပျူတာတက္ကသိုလ်ကျောင်းသားများ၊ နည်းပညာတက္ကသိုလ်ကျောင်းသားများ၊ IDCS, IAD တက်ရောက်ဆဲ၊ တက်ရောက်ပြီးသူများ၊ Networking ကို Professional အဖြစ် ရွေးချယ်ထားသူများ၊ ပြည်ပ၌ အလုပ်လုပ်ကိုင်လိုသူများ တက်ရောက်သင့်သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ် နှစ်ရက် စနေ၊ တနင်္ဂနွေနေ့များ၌ တက်ရောက်သင်ကြားရမည်ဖြစ်သည်။ စိတ်ဝင်စားသူများသည် NetInfo နည်းပညာသင်တန်းကျောင်း အဆောင်(၄) အခန်း(၂) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၅၀၇၀၄၅နှင့် ၆၅၂၂၉၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် နန့်ခွင်ချောင်းကူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် မိုးညှင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၆

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်သည် အောက်တိုဘာ ၂၅ ရက်တွင် ဟိုပင်မြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လမ်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် ဟိုပင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းများ တပ်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် အောက်တိုဘာ ၂၆ ရက်တွင် မိုးညှင်းတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများ၏ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ တပ်တွင်း သက်သာဆိုင် ဖွင့်လှစ်ရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးညှင်းတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ မိသားစုဝင်များအတွက် ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် နန့်ခွင်ချောင်းကူးတံတား တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက တံတားတည်ဆောက်မှုလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးကာ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍တိုင်းမှူးသည် မိုးကောင်းတပ်နယ် နယ်မြေခံတပ်ရင်း၏ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် အောက်တိုဘာ ၂၇ ရက်တွင် ဆားမော်နယ်မြေခံတပ်ရင်းအတွင်း ကြည့်ရှုစစ်ဆေးပြီး နန့်တိန်ရွာရှိ လမ်းလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံက လမ်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖားကန့်မြို့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုးချဲ့ဆေးရုံသစ် ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် အောက်တိုဘာ ၂၈ ရက်တွင် မိုးကောင်းတပ်နယ် နယ်မြေခံတပ်ရင်းများ၏ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး မိသားစုဝင်များအတွက် ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းအခွန် ကွန်ပျူတာ အခြေခံသင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ထွန်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရရှိသော ဦးသီဟမျိုးဝင်း(အငယ်တန်းစာရေး၊ ဦးစီးရုံးနှင့် သုတေသနဌာနခွဲ)၊ ဒုတိယဆု ရရှိသော ဒေါ်အေးသီတာမြင့်(အငယ်တန်းစာရေး၊ ဟင်္သာတခရိုင် အခွန်ဦးစီးဌာနမှူးရုံး)၊ တတိယဆုရရှိသော ဦးအောင်သက်ဦး (အငယ်တန်းစာရေး၊ ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး)တို့အား ဆုများချီးမြှင့်သည်။

(အောက်ပုံ) (ပြည်တွင်းအခွန်)

အောက်တိုဘာ ၂ ရက်က ကျောက်တံတားမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ ဆုချီးမြှင့်ပွဲတွင် ဂုဏ်ထူးရကျောင်းသူတစ်ဦးအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(မြို့နယ်/ထွေအုပ်)

မုံရွာမြို့ အလက(၁) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

မုံရွာ နိုဝင်ဘာ ၆

မုံရွာမြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း အထက(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူဟောင်း တပည့်များအားလုံး၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို နိုဝင်ဘာ ၂၁ ရက်တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကိုဇော်မင်းထိုက် (ရန်ကုန်) ဖုန်း-၀၉-၅၀၅၉၁၄၉၊ ကိုအောင်မြင့်မြတ် (တင်ဝင်းထွန်း ကုမ္ပဏီ၊ မုံရွာ) ဖုန်း-၀၉-၆၄၅၁၀၂၂၊ ကိုမြင့်ဆွေ (ဦးညိုဝပ်ရှော့၊ မုံရွာ) ဖုန်း-၀၉-၆၄၅၂၂၀၇၊ ကိုကျော်သူဝင်း (ဥက္ကဋ္ဌ၊ ရယက၊ အောင်ချမ်းသာ၊ မုံရွာ) ဖုန်း-၀၉-၆၄၅၁၇၄၈၊ မငြိမ်းငြိမ်းကျော် (ပန်းသတင်း၊ မုံရွာ) ဖုန်း-၀၉-၂၁၃၁၂၇၁၊ မခင်မိုးကြူ (တော်ဝင်ကွန်ပျူတာ/မိတ္တူ) ဖုန်း-၀၉-၆၄၅၀၉၀၃ တို့သို့ ဆက်သွယ်လှူဒါန်းကြောင်း သိရသည်။

(ကြေးမုံ)

ဥတုရာသီ
တောက်ပိုမှီ၍

တွေ့ရှိထားသော ဓာတ်ငွေ့သိုက်၏ Reserve ကို ခိုင်မာစွာသိရှိအောင်ဆောင်ရွက် ဤလုပ်ကွက်မှ ထုတ်ယူရရှိမည့်သဘာဝဓာတ်ငွေ့ကို မြန်မာနိုင်ငံအထက်ပိုင်းရှိ စက်မှုလုပ်ငန်းများအတွက် အသုံးပြုမည်

☆ **ရွှေဖုံးမှ**

ဆိုက်စမစ် တိုင်းတာတွေ့ရှိချက်များအရ ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သော မြေအောက်ဘူမိဗေဒအနေအထား Geological Structure ၁၁ ခု၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းလွှာ(Trap) ၄၇ ခုခန့်ကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။

ယင်းသို့ ရှာဖွေတွေ့ရှိထားသော ဘူမိဗေဒ အနေအထား ၁၁ ခုအနက် ပုထိုးလုံဘူမိအနေအထား၊ ယာကြီးဘူမိအနေအထား၊သင်ဂဒုံး ဘူမိအနေအထားနှင့် ပိတောက်ကုန်း ဘူမိအနေအထားတို့တွင် ရေနံရှာဖွေရေး အစမ်းတွင်းလေးတွင်း တူးဖော်စမ်းသပ်ခဲ့ရာ ဂန့်ဂေါမြို့နယ်အတွင်းရှိ ပုထိုးလုံတွင်းအမှတ်(၁)မှ တစ်နေ့လျှင် ရေနံစည် ၆၀ နှင့် သဘာဝဓာတ်ငွေ့ကုဗပေ ငါးသန်းကျော်ကို လည်းကောင်း၊ ပုထိုးလုံတွင်းအမှတ်(၂)မှ တစ်နေ့လျှင် ရေနံစည် ၃၀ နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၃ ဒသမ ၅ သန်းကျော်ကိုလည်းကောင်း စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီး ပုထိုးလုံဘူမိအနေအထား (ပုထိုးလုံ Structure) ၏ ခိုအောင်းလွှာ (Trap) တစ်ခုတည်း၌ပင် ကနဦး သဘာဝဓာတ်ငွေ့ခိုအောင်းမှု ၉၀၉ ဘီလီယံကုဗပေနှင့် ရေနံ (Condensate) စည်သန်းပေါင်း ၇ ဒသမ ၁၆ သန်းခန့်ရှိကြောင်း စမ်းသပ်တိုင်းတာရရှိခဲ့သဖြင့် ပုထိုးလုံ ဘူမိဗေဒအနေအထားသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ စီးပွားဖြစ် ထုတ်လုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့အပြင် ပုလဲမြို့နယ်အတွင်း ပိတောက်ကုန်းအစမ်းတွင်း အမှတ်(၃)နှင့် သင်ဂဒုံးအစမ်းတွင်း အမှတ်(၁)များကို ဆက်လက်စမ်းသပ်တူးဖော်ခဲ့ရာ အနက်ပေ ၅၀၀၀/၆၀၀၀ ခန့်ရှိ သဲကြောများအတွင်းမှ သဘာဝဓာတ်ငွေ့စီးဝင်မှုများပြားစွာ တွေ့ရှိခဲ့သဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းမှု အလားအလာ လွန်စွာကောင်းမွန်ကြောင်း တွေ့ရှိရသည်။

သွားရောက်ကြည့်ရှုစစ်ဆေး

ထိုသို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ အောင်မြင်စွာတူးဖော်ထုတ်လုပ်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရန် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် SIPC ကုမ္ပဏီမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ ကုန်းတွင်းလုပ်ကွက်အမှတ် D ပုထိုးလုံ တွင်းအမှတ် (၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ SIPC ကုမ္ပဏီ Manager, Mr. Li Yuzhan နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက တွေ့ရှိထားသော ဓာတ်ငွေ့သိုက်၏ Reserve ကို ခိုင်မာစွာသိရှိအောင် ဆောင်ရွက်သွားရန်၊ ဤလုပ်ကွက်မှ ထုတ်ယူရရှိမည့် သဘာဝဓာတ်ငွေ့ကို မြန်မာနိုင်ငံအထက်ပိုင်းရှိ စက်မှုလုပ်ငန်းများအတွက် အသုံးပြုသွားမည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ပံ့ပိုးပေးနိုင်ရန် ဓာတ်ငွေ့မြေ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမြန်ဆောင်ရွက်စေလိုကြောင်း ဆွေးနွေးမှာကြားကာ နိုင်ငံခြားသားပညာရှင်များနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းများအား သစ်သီးခြင်းလက်ဆောင် ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။ ပုထိုးလုံဘူမိအနေအထားအပါအဝင် ကုန်းတွင်းလုပ်ကွက် အမှတ် D အတွင်းရှိ အခြားဘူမိဗေဒအနေအထား Geological Structure ၁၀ ခုနှင့် ခိုအောင်းလွှာ (Trap) ၄၂ ခုအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ခိုအောင်းနေသည့် ပမာဏကို ပိုမိုတိကျစွာသိရှိနိုင်ရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆက်လက်ပြုလုပ်နိုင်ရန်အတွက် ရှာဖွေတူးဖော်တိုင်းတာရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားပေးစကား ပြောကြား

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ပုထိုးလုံ တွင်းအမှတ်(၂)၌ ဝန်ထမ်းများကို အားပေးစကား ပြောကြားစဉ်။
(သတင်းစဉ်)

ပုလဲမြို့နယ်အတွင်း ပိတောက်ကုန်းအစမ်းတွင်း အမှတ်(၃)နှင့် သင်ဂဒုံးအစမ်းတွင်း အမှတ်(၁)များကို ဆက်လက်စမ်းသပ်တူးဖော်ခဲ့ရာ အနက်ပေ ၅၀၀၀ / ၆၀၀၀ ခန့်ရှိ သဲကြောများအတွင်းမှ သဘာဝဓာတ်ငွေ့ စီးဝင်မှု များပြားစွာတွေ့ရှိခဲ့သဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းမှုအလားအလာ လွန်စွာကောင်းမွန်ကြောင်းတွေ့ရှိ။

ပုထိုးလုံ တွင်းအမှတ်(၂) တွင်းတူးစင်ကို ဝေဟင်မှတွေ့ရစဉ်။ (သတင်းစဉ်)

ပုထိုးလုံတွင်း အမှတ်(၂)၌ သဘာဝဓာတ်ငွေ့ စမ်းသပ်မီးရှို့ထားစဉ်။ (သတင်းစဉ်)

စာကြည့်တိုက်လုပ်ငန်း အခြေခံကျွမ်းကျင်မှုသင်တန်း(၁/၂၀၁၀) ဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၆

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းက ကြီးမှူးဖွင့်လှစ်သည့် စာကြည့်တိုက်လုပ်ငန်း အခြေခံကျွမ်းကျင်မှုသင်တန်း(၁/၂၀၁၀)ကို နိုဝင်ဘာ ၂၂ ရက်မှ စတင်၍ ရန်ကုန်မြို့ အမျိုးသားစာကြည့်တိုက် အမှတ်(၈၅) သီရိမင်္ဂလာရိပ်သာလမ်းသွယ် ကမ္ဘာအေးစေတီလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့၌ ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကာလမှာ တစ်လဖြစ်ပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့၊ လက်တွေ့ သင်ကြားမည့် သင်တန်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဝင်များအား အသင်းဝင်ကတ်အသစ်ပြန်လည်ပြုလုပ်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဖုန်း-၀၁-၆၆၃၉၀၂၊ ၀၁-၆၆၀၃၈၇ နှင့် ၀၁-၆၆၂၄၇၀တို့သို့ ဆက်သွယ်ကြရန်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

အမေရိကန်၏ လူ့အခွင့်အရေးချိုးဖောက်မှုများ ကုလလူ့အခွင့်အရေးညီလာခံတွင် ဝေဖန်ခံရ

ဂျီနီဗာ နိုဝင်ဘာ ၆ - ကျူးဘားနှင့် အီရန်နိုင်ငံများအပါအဝင် အမေရိကန်အစိုးရနှင့် မသင့်မြတ်သောနိုင်ငံများက အမေရိကန်နိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသော ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီညီလာခံတွင် နိုဝင်ဘာ ၅ရက်က ဝေဖန်ခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြသည်။

ကျူးဘားနှင့်အီရန် စသောနိုင်ငံများက ဂွါတာနာမိုအကျဉ်းထောင်ကို ပိတ်သိမ်းရန်နှင့် ပြည်ပနိုင်ငံများတွင် လုပ်ဆောင်ခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များ၏ လူလူချင်းညှင်းပန်းနှိပ်စက်မှုများကို စုံစမ်းစစ်ဆေးရန် ညီလာခံသို့ တက်ရောက်လာသော အမေရိကန်ကိုယ်စားလှယ်များအား တောင်းဆိုခဲ့သည်။

ကျူးဘားနိုင်ငံကို စီးပွားရေးအရ ပိတ်ဆို့မှုများအဆုံးသတ်ရန်နှင့် ကျူးဘားပြည်သူများ၏ ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်ကို လေးစားရန် ကုလလူ့အခွင့်အရေးကောင်စီ ညီလာခံတွင် ကျူးဘားသံအမတ်ကြီး ရိုဒေါ်လ်ဖိုရေးယက်စ်ရိုဒရီဂွတ်ဇ်က အမေရိကန်ကိုယ်စားလှယ်အဖွဲ့ကို တောင်းဆိုသည်။

ဂွါတာနာမိုအကျဉ်းစခန်းနှင့် ကမ္ဘာတစ်ဝန်းရှိ လျှို့ဝှက်အကျဉ်းထောင်များကို ပိတ်သိမ်းရန်၊ အကျဉ်းသားများကို အာဏာစက်သက်သက်ဖြင့် ညှဉ်းပန်းနှိပ်စက်ဖျောက်ဖျက်ခဲ့ရာတွင် တာဝန်ရှိသူတို့ကို အပြစ်ပေးရန်နှင့် ယင်းသို့လုပ်ဆောင်မှုများကို တွေ့ကြုံခံစားခဲ့ရသူတို့အား လျော်ကြေးပေးရန် ဗင်နီဇွဲလားကိုယ်စားလှယ် ဂျာမန်း မွန်ဒရီယန်ဟာနန်ဒက်ဇ်က တိုက်တွန်းခဲ့သည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲ ခေါင်းစဉ်ဖြင့် အမေရိကန်ဗဟိုစုံစမ်းထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)က လုပ်ဆောင်လျက်ရှိသော လူ့အခွင့်အရေးနှင့် ဥပဒေဖောက်ဖျက်မှုများကို ရပ်တန့်ရန် အီရန်ကိုယ်စားလှယ်က အမေရိကန်ပြည်ထောင်စုကို တိုက်တွန်းသည်။ လူ့အခွင့်အရေးနှင့်ပတ်သက်၍ လက်ရှိအခြေအနေကိုမိမိတို့အနေဖြင့် ကျေနပ်သာယာနေကြသော်လည်း အမေရိကန်၏ တရားဥပဒေများကို မျှတ ထိရောက်အောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်ကိုယ်စားလှယ်အဖွဲ့က လူ့အခွင့်အရေးကောင်စီညီလာခံတွင် ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ပုံးခွဲမှုများကြောင့် ပါကစ္စတန်၌ ၇၀ ကျော် သေဆုံး

ပက်ရှ်ဝါ နိုဝင်ဘာ ၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဝတ်ကျောင်းနှစ်ခုတွင် ဗုံးခွဲတိုက်ခိုက်မှုများ နိုဝင်ဘာ ၅ ရက်က ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၇၁ ဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပေါက်ကွဲမှုတစ်ရပ်မှာ ခိုင်ဘာ-ပက်ခ်တွန့်ဝါပြည်နယ်ရှိ ဝတ်ကျောင်းတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါဝတ် ကျောင်းသို့ လာရောက်ဝတ်ပြုကြသူများကို အသေခံဗုံးခွဲသမားတစ်ဦးက ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၆၆ ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူဦးရေများပြားသည့်အတွက် အသေအပျောက်နှုန်း မြင့်တက်လာနိုင်ကြောင်း ပြည်နယ်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဒုတိယတိုက်ခိုက်မှုမှာ ပက်ရှ်ဝါပြည်နယ် ပက်ရှ်ဝါမြို့ ဆင်ခြေဖုံးဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဘာသာရေးဝတ်ကျောင်းတစ်ခုအတွင်း လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ဖောက်ခွဲတိုက်ခိုက်မှုဖြစ်သည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူငါးဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရခဲ့ကြောင်း ပါကစ္စတန်အာဏာပိုင်များက ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ။**

အင်ဒိုနီးရှား မီးတောင်ပေါက်ကွဲမှု သေဆုံးသူ ၁၀၀ ကျော်ရှိ

ဝါရှင်တန် နိုဝင်ဘာ ၆

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း အလယ်ပိုင်းရှိ မာရာပီမီးတောင်သည် အောက်တိုဘာ ၅ ရက်က ထပ်မံပေါက်ကွဲမှုကြောင့် လူ ၆၅ ဦးသေဆုံးခဲ့ရာ မီးတောင်ပေါက်ကွဲမှုကြောင့် သေဆုံးသူဦးရေသည် ၁၀၀ ကျော်သွားပြီဖြစ်သည်။

မာရာပီမီးတောင် စတင်ပေါက်ကွဲခဲ့ချိန်မှစပြီး ယနေ့အထိ လူပေါင်း ၁၀၉ ဦး သေဆုံးခဲ့ ရပြီး ၁၅၀၀၀၀ ကျော်တို့သည် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခိုလှုံခဲ့ရကြောင်း လူမှုဝန်ထမ်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းအပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်ရာ သေဆုံးသူဦးရေ ထပ်မံမြင့်တက်လာဖွယ်ရှိကြောင်း၊ မီးတောင်ပေါက်ကွဲချိန်မှစ၍ လူ ၂၀၀ နီးပါး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေး ကာကွယ်ရေးအေဂျင်စီ၏ အဆိုအရ သိရသည်။

အာဏာပိုင်များက အဆိုပါ မီးတောင်၏ ကီလိုမီတာ ၂၀ ဝန်းကျင်တွင် နေထိုင်သူများကို ရွှေ့ပြောင်းပေးခဲ့ရကြောင့် မီးတောင်ဗေဒပညာရှင်တစ်ဦးက ပြောကြားသည်။**အမ်အင်အေ၊ ရိုက်တာ။**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့တွင် နိုဝင်ဘာ ၅ ရက်က ဖြစ်ပွားသော စင်းလုံးငှားလေယာဉ် ပျက်ကျမှုကို တွေ့ရစဉ်။*(ဓာတ်ပုံ-အင်တာနက်)*

ကရာချိမြို့၌ စင်းလုံးငှားလေယာဉ်ပျက်ကျ၍ လိုက်ပါလာသူအားလုံး သေဆုံး

ကရာချိ နိုဝင်ဘာ ၆ - ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့တွင် နိုဝင်ဘာ ၅ ရက်က စင်းလုံးငှားလေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ လေယာဉ်ပေါ်လိုက်ပါလာသူ ၂၁ ဦးစလုံး သေဆုံးကြောင်း မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

အဆိုပါလေယာဉ်သည် လေဆိပ်မှ စတင်ထွက်ခွာခဲ့ပြီးနောက် မိနစ်အနည်းငယ်အတွင်းမှာပင် ပျက်ကျမှု ဖြစ်ပွားခဲ့သည်။ လေယာဉ်ပျက်ကျရာနေရာမှာ ကာရာချိမြို့ဆင်ခြေဖုံး လူနေရပ်ကွက်တစ်ခုအနီးတွင်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းလေယာဉ်မှာ အီတလီ ရေနံကုမ္ပဏီတစ်ခုမှ အလုပ်သမား ၂၀ ကို တင်ဆောင်ကာ နိုင်ငံမြောက်ပိုင်း ဘစ်ရှားမြို့သို့ ဦးတည်ပျံသန်းရန် ထွက်ခွာလာခဲ့ပြီးနောက် ပျက်ကျခြင်းဖြစ်သည်။

လေယာဉ်မပျက်ကျမီ လေယာဉ်မှူးက ၎င်း၏ လေယာဉ်အင်ဂျင်စက်ချို့ယွင်းမှုရှိသည်ဟု လေကြောင်းထိန်းချုပ်ရေး မျှော်စင်ထံ သတင်းပေးပို့ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီတလီနိုင်ငံအခြေစိုက် အီးအင်န်အိုင် ရေနံကုမ္ပဏီက စင်းလုံးငှားလေယာဉ်အဖြစ် အသုံးပြုသည့် လေယာဉ်ဖြစ်ပြီး ယင်းကုမ္ပဏီက လေယာဉ်ပျက်ကျသည့် သတင်းနှင့်ပတ်သက်၍ ချက်ချင်း တုံ့ပြန်ပြောဆိုခြင်းမရှိပေ။ **အင်တာနက်။**

ပြန်ပေးဆွဲခံရသော တရုတ်သင်္ဘောသားများကို ကယ်တင်နိုင်ပြီဟု တရုတ်အစိုးရပြောဆို

ပေကျင်း နိုဝင်ဘာ ၆ - တရုတ်ရေယာဉ်ဝန်ထမ်း ၁၉ ဦးပါရှိသော စင်ကာပူနိုင်ငံ၏ ကုန်တင်သင်္ဘောကြီးတစ်စင်းသည် ဆိုမာလီနိုင်ငံ ကမ်းရိုးတန်းကမ်းလွန်ပင်လယ်ပြင်အတွင်း ဇွန်လက ပြန်ပေးဆွဲခံခဲ့ရကြောင်း၊ ယခုအခါ အဆိုပါ တရုတ်သင်္ဘောသားများကို ကယ်တင်ပေးနိုင်ပြီဖြစ်ကြောင်း တရုတ်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၆ ရက်တွင် ပြောကြားသည်။

“အမ်ဗွီဂိုးလ်ဒင်းဘလက်ဆင်း”**(အပေါ်ပုံ)**အမည်ရှိ ရေနံနှင့် ဓာတုဗေဒပစ္စည်းတင်သင်္ဘောသည် ဆော်ဒီအာရေဗျနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ဦးတည်သွားလာနေချိန်အတွင်း ဇွန်လက ပြန်ပေးဆွဲခံခဲ့ရသည်။

တရုတ်သင်္ဘောသား ၁၉ ဦးစလုံး ဘေးအန္တရာယ်လုံခြုံစွာ ရှိနေပြီဖြစ်ကြောင်း၊ ၎င်းတို့ကို ပေကျင်းစံတော်ချိန် နံနက် ၁ နာရီ ၃ မိနစ်တွင် ကယ်တင်ပေးနိုင်ခဲ့ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။ သို့ရာတွင် မည်သို့ မည်ပုံ ကယ်တင်နိုင်ခဲ့သည်ကို အသေးစိတ်မသိရပေ။

တရုတ်သင်္ဘောသားများအား ကယ်တင်ပေးခဲ့သည့် သတင်းနှင့် စပ်လျဉ်း၍ သင်္ဘောပိုင်ဆိုင်သည့် ကုမ္ပဏီဖြစ်သော ဂိုးလ်ဒင်းပစိဖိတ်ကုမ္ပဏီကလည်း မှတ်ချက်ပြုပြောဆိုခြင်းမရှိပေ။ **အင်တာနက်။**

ဆယ်ကျော်သက်အသေခံဗုံးခွဲသမား၏ တိုက်ခိုက်မှုကြောင့် အာဖဂန်တွင် ၁၀ ဦးသေဆုံး

ကဘူး နိုဝင်ဘာ ၆

အာဖဂန်နစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဖာယက်ဘ်ပြည်နယ်ရှိ ဈေးတစ်ခုအတွင်း၌ ဆယ်ကျော်သက်အရွယ် အသေခံဗုံးခွဲသမားတစ်ဦး၏ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံးလူ ၁၀ ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များက နိုဝင်ဘာ ၅ ရက်တွင် ပြောကြားသည်။

ဒဏ်ရာရရှိသူများထဲတွင် ဖာယက်ဘ်ပြည်နယ်၏ ထိပ်တန်းတာဝန်ရှိသူတစ်ဦးပါဝင်ပြီး အခြေအနေမှာ စိုးရိမ်ရကြောင်း တာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

လုပ်ဆောင်ခဲ့

အသေခံဗုံးခွဲသမားသည် အသက်(၁၆) နှစ်အရွယ်လူငယ်တစ်ဦးဖြစ်ပြီး ဖာယက်ဘ်ပြည်နယ် ခိုဂျာဆက်ဘ်ဇ်ပို့ရှ် ခရိုင်ရှိ ဈေးတစ်ခုအတွင်း ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ဈေးအတွင်းရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ညစာစားလျက်ရှိသော ပြည်နယ်ကောင်စီဥက္ကဋ္ဌ ရာမာတိုလာကို ပစ်မှတ်ထား၍ ဗုံးခွဲတိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အတောမသတ်ဖြစ်ပွား

၂၀၀၁ ခုနှစ်တွင် တာလီဘန်အစိုးရ အာဏာလက်လွှတ်ခဲ့ရပြီးနောက်ပိုင်း အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ အတောမသတ်ဖြစ်ပွားလျက်ရှိသည်။ အာဖဂန်အစ္စလာမ္မစ်သောင်းကျန်းသူများသည် ၎င်းတို့၏ အစဉ်အလာခြေကုပ်ဒေသများဖြစ်သော အာဖဂန်တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများကို ကျော်လွန်၍ ငြိမ်းချမ်းသောဒေသများဖြစ်သည့် မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများအထိ အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်လာလျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ။**

အသက်အငယ်ဆုံး ဂွါတာနာမိုအကျဉ်းသား ထောင်ဒဏ် နှစ် ၄၀ ပြစ်ဒဏ်ချမှတ်

ဝါရှင်တန် နိုဝင်ဘာ ၆

ဂွါတာနာမိုပင်လယ်အော်ရှိ အမေရိကန်ရေတပ် အကျဉ်းစခန်းတွင် ထိန်းသိမ်းခံထားရသူများအနက် အသက်အငယ်ဆုံး အကျဉ်းသားဖြစ်သူ အိုမာခါဒီးသည် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို သတ်ဖြတ်မှုနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် ကြံစည်မှု စွဲချက်များအပါအဝင် စွဲချက်များအတွက် အပြစ်ရှိသည်ဟု ဝန်ခံခဲ့ပြီးနောက် ထောင်ဒဏ် နှစ်ပေါင်း ၄၀ ကျခံရန် ပြစ်ဒဏ်ချမှတ်ခံရကြောင်း၊ သို့ရာတွင် ဖြောင့်ချက်ပေးခြင်းဆိုင်ရာ သဘောတူညီချက် တစ်ရပ်အရ ထောင်ဒဏ်ရှစ်နှစ်ကိုသာ ကျခံရမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂ ရက် သတင်းတွင် ဖော်ပြသည်။

ပြစ်ဒဏ်စီရင်ချက်

အဖွဲ့ဝင် ခုနစ်ဦးပါ စစ်ဘက်ဆိုင်ရာ ဂျူရီအဖွဲ့က ပြစ်ဒဏ်စီရင်ချက်ကို အောက်တိုဘာ ၃၁ ရက်တွင် ချမှတ်ခဲ့သည်။

အသက် (၂၄)နှစ်ရှိ ခါဒီးသည် ဂွါတာနာမို ပင်လယ်အော်၌ လွန်ခဲ့သည့် ရက်သတ္တပတ်က စစ်ရာဇဝတ်မှုဆိုင်ရာ စွဲချက်ငါးရပ်အတွက် အပြစ်ရှိသည်ဟု ဝန်ခံခဲ့သည်။ ခါဒီးသည် အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားများနှင့် ပူးပေါင်းကြံစည်ခဲ့ပြီး စစ်ပွဲဆိုင်ရာ ဥပဒေများကို ချိုးဖောက်ကာ လူသတ်မှုကျူးလွန်ခဲ့သည်ဟု ဖြောင့်ချက်ပေးခဲ့သည်။

ဝန်ခံခဲ့

ခါဒီးသည် ပါကစ္စတန်နွယ်ဖွား ကနေဒါနိုင်ငံသားတစ်ဦးဖြစ်ပြီး ဗုံးတည်ဆောက်ခြင်းနှင့် ဗုံးထောင်ခြင်းဆိုင်ရာ သင်တန်းကို တက်ရောက်ရန် အကြမ်းဖက်သမားများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ဟု ဝန်ခံခဲ့သည်။

ခါဒီးသည် ၂၀၀၂ ခုနှစ် ဇူလိုင်လက အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို သတ်ဖြတ်ခဲ့ပြီး အယ်လ်ခိုင်ဒါအဖွဲ့နှင့် စစ်သွေးကြွအုပ်စုတစ်စုအတွက် စကားပြန်တစ်ဦးအဖြစ် လုပ်ကိုင်ခဲ့သည်။ **အင်တာနက်။**

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ် ဖက်တောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲတွင် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

တောင်သာမြို့နယ် ဖက်တောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ဖက်တောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်းရှေ့ မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံခရိုင်ဥက္ကဋ္ဌ ဦးလှမိုး၊ မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူး (စစ်ဆေးရေး) ဦးမြင့်ဇော်နှင့် ဖက်တောအခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝိုင်းတို့က အခြေခံပညာ အထက်တန်းကျောင်း မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝန်ကြီးက ကျောင်းဆောင်ရှေ့၌ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ အစီအစဉ် ဒုတိယပိုင်းကိုကျင်းပရာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် ဖက်တောကျေးရွာ ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများ အခြေခံပညာအထက်တန်းကို လွယ်ကူစွာ သင်ယူနိုင်သည့်အတွက် ဝမ်းသာမိကြောင်းနှင့် တောင်သာမြို့နယ်တွင် ပညာရေးအောင်ချက် ကောင်းမွန်ခဲ့သော အစဉ်အလာကို ယခုထက် ပိုမိုတိုးတက်စေရေး ဆရာ၊ မိဘ၊ ကျောင်းသား၊ ကျောင်းသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူး (စစ်ဆေးရေး)က ဖက်တောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်မှု အမိန့်နှင့် စာရွက်စာတမ်းများကို တောင်သာမြို့နယ် ပညာရေးမှူးကိုယ်စား ကျောင်းဆရာမကြီး ဒေါ်ညွန့်ညွန့်အောင်ထံ ပေးအပ်သည်။

ဆက်လက်၍ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများထံ အခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အထိမ်းအမှတ်တံဆိပ်ကို ကျောင်းအုပ်ဆရာကြီး ဦးဝိုင်းက ပေးအပ်သည်။

ယင်းနောက် ဖက်တောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အကျိုးတော်ဆောင် ဦးမောင်ကောင်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုင်းတုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အလှူငွေများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွယ်မွေကျေးရွာအုပ်စု၊ မိုင်းကိုင်ကျေးရွာအုပ်စုနှင့် မိုင်းငွန်းကျေးရွာအုပ်စုတို့ရှိ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများပေးအပ်ခြင်း၊ ကျေးရွာစာကြည့်တိုက်များအတွက် အလှူငွေများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၁ ရက်တွင် လွယ်မွေအခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ကျိုင်းတုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးစိုင်းရှုန်တွီနှင့် တာဝန်ရှိသူများက လွယ်မွေကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၀၂ ကတ်နှင့် အိမ်ထောင်စုစာရင်း ၂၅ စောင်တို့ကို လည်းကောင်း၊ မိုင်းကိုင်ကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများအတွက် နိုင်ငံသား စိစစ်ရေးကတ်ပြား ၂၂၁ ကတ်နှင့် အိမ်ထောင်စုစာရင်း ၄၇ စောင်တို့ကို လည်းကောင်း၊ မိုင်းငွန်းကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၀ နှင့်အိမ်ထောင်စု စာရင်း ၃၅ စောင်တို့ကို လည်းကောင်း ပေးအပ်ကြပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စုပေါင်းလှူဒါန်းသော မိုင်းကိုင်ကျေးရွာအုပ်စု စာကြည့်တိုက်အတွက် ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက် တစ်လုံးနှင့် သုတရသ စာအုပ်မျိုးစုံ ၁၀၀၊ မိုင်းငွန်းကျေးရွာအုပ်စု စာကြည့်တိုက်အတွက် အလှူငွေကျပ် ၅၀၀၀၀နှင့် သုတရသ စာအုပ်မျိုးစုံ ၁၀၀တို့ကို ဝန်ထမ်းများကိုယ်စား ပြည်နယ်ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်က လည်းကောင်း၊ ကျေးရွာအုပ်စု သုံးအုပ်စုအတွက် ခေါက်ဆွဲခြောက်ဖာ ၂၀ တို့ကို မြို့နယ်ဦးစီးဌာနမှူး ဦးစိုင်းရှုန်တွီက လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုင်းတုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးစိုင်းရှုန်တွီ မိုင်းကိုင်ကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို ပေးအပ်စဉ်။

(သတင်းစဉ်)

၂၀၁၀ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်

ရန်ကုန် နိုဝင်ဘာ ၆

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အထူးထုတ် စာပို့ တံဆိပ်ခေါင်းသစ် ၅၀၀ တန် တစ်မျိုးကို ၂၀၁၀ခုနှစ် နိုဝင်ဘာ ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲမှစတင်၍ ပြည်နယ်၊ တိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ် ဆက်သွယ်ရေးစခန်း (စာတိုက်)များ၌ ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

News Watch (စောင့်ကြည့်)သတင်းဂျာနယ် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၆

FEC 20 တန် ဖုန်းကတ်ရောင်းချမှု အကန့်အသတ်မရှိ ရပ်ဆိုင်းတော့မည်၊ အလုံမြန်မာ့သစ်လုပ်ငန်း အဆောက်အအုံဟောင်းများ လေလံတင်မည်၊ အကန့်အသတ်ဖြင့် ဓာတ်ဆီရောင်းချခြင်းကြောင့် ပြင်ပဓာတ်ဆီဈေးမြင့်တက်၊ မိုဘိုင်းလ်ဖုန်းများ online မှ လျှောက်ထားရယူနိုင်၊ မြန်မာနိုင်ငံသားများ ဘဏ်တွင် Saving Deposit ကို အကန့်အသတ်မရှိ လက်ခံပေးမည်၊ မန္တလေးတွင် ငါးရှဉ့်ကုန်သည်များ အရှုံးပေါ်၊ တောက်တဲ့ဈေးကွက် မြစ်ဝကျွန်းပေါ်အထိ ကျယ်ပြန့်၊ ဆူးလေစေတီတော် ဘက်စုံပြုပြင်ရန် ကျပ်သိန်းပေါင်း ၇၀၀၀ လျာထား၊ ၂၀၁၁ခုနှစ်အတွင်း သင်္ဘောအစင်းရေ ၄၀ အလုံသင်္ဘောကျင်း၌ တည်ဆောက်မည်၊ ကုန်သည်များ ဈေးကစားမှုကြောင့် ကြက်သွန်နီဈေး ကမောက်ကမဖြစ်၊ သိန်း ၂၀၀၀ အကုန်အကျခံကာ တွံတေးတူးမြောင်းအား ကာကွယ်ထိန်းသိမ်းမှုများ ပြုလုပ်၊ ဗုဒ္ဓဝါဒကို လိုက်နာကျင့်သုံးရန် ဟောကြားခဲ့သော ပညာရှင် ပေရိယာရာမဆာမိ၏ (၁၃၂)ကြိမ်မြောက် မွေးနေ့ကျင်းပ၊ နေပြည်တော်တွင် ငါးသိန်းတန်ဖုန်းငှားရမ်းသုံးစွဲခွင့် ပြန်လည်ခွင့်ပြုမည်၊ သင်္ဘောအချို့ ပြုပြင်ရန်နှင့် တန်ချိန်အများဆုံး သင်္ဘောတည်ဆောက်ရန် တရုတ်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်မည်၊ ရုရှားနှင့် ထူးကုမ္ပဏီ ပူးပေါင်း၍ သဘာဝဓာတ်ငွေ့ရှာဖွေရေး အစမ်း တွင်းတူးဖော်၊ ပြည်တွင်း ကုမ္ပဏီ တစ်ခုမှ ဝယ်ယူထားသော တရုတ်ငါးဖမ်းရေယာဉ်သုံးစင်း ရန်ကုန်မြို့ရောက်ရှိ၊ သဘာဝဘေးသင့်ဒေသ လူမှုဘဝ ဖွံ့ဖြိုးရေးအတွက် SVS မှ ချေးငွေ ကူညီမည်၊ ကမ်းနားလမ်းသစ် ဖောက်လုပ်ရာတွင် ဗိုလ်တထောင်စေတီမုခ်ဦး ဖယ်ရှားရန် မလိုအပ်၊ အရည်အသွေးမြင့် ဘိလပ်မြေ အမျိုးအစားသစ် ပြည်တွင်းကုမ္ပဏီ တစ်ခုမှ တင်သွင်းရန် စီစဉ်၊ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်းများ ဒီဇင်ဘာတွင် ရှင်းလင်းမည်၊ ကိုကိုးကျွန်း လေယာဉ်ကွင်း တိုးချဲ့ပြုပြင် တည်ဆောက်၊ မန္တလေးမြို့ခံများ ဓာတ်ဆီစောင့်ဆိုင်း ဝယ်ယူနေရ၊ ရော်ဘာကုန်သည်အချို့ ဈေးမြှင့်ဝယ်ယူရန် ပြင်ဆင်နေ၊ လေဘေးသင့်ဒေသများ ဝမ်းရောဂါဖြစ်ပွားမှုမရှိဟုသိရ၊ Rain ကို သိနိုင်တဲ့အချက် ၁၁ချက်၊ ဇင်ယော်နီ၏ ကံကောင်းခြင်း ဂဏန်းများ။ လူထုစိန်ဝင်း၊ ပါရဂူ၊ ကျော်ဦး၊ ကိုခါး (ကွမ်းခြံကုန်း)၊ မောင်သန်းဆွေ(ထားဝယ်)၊ ဒေါက်တာအောင်ခင်ဆင့်၊ မောင်သာနိုး၊ ရွှေစင်ကိုကိုတို့၏ ဆောင်းပါးများ၊ ဗလာဒီမာပူတင် ဆိုက်ဗေးရီးယားတွင် မြင်းစီးစွမ်းရည်ပြ၊ အဲလက်ဆီနန်းတော်သို့ လိပ်မူထားသည့် စာအိတ်ပုံးကြောင့် သမ္မတအတွက် လုံခြုံရေးတိုးမြှင့်၊ အစ္စရေးပြောင်းရွှေ့နေထိုင်သူများက ပါလက်စတိုင်းကလေးများအပေါ် ရက်စက်စွာ အကြမ်းဖက်နေ၊ ဆင်းရဲသားများအကျိုး တောင်အာဖရိကအစိုးရ ပြင်ဆင်ဖွဲ့စည်း၊ ဗြိတိန်နှင့် ပြင်သစ်နျူကလီးယား လက်နက်များ ပူးတွဲစမ်းသပ်ရန် သဘောတူ၊ အယ်လ်ဂျာဇီးယားရုပ်သံဌာနအား မော်ရိုကို ပြစ်တင်ဝေဖန်၊ ဧဝရတ်တောင်တွင် အင်တာနက် ဖုန်းအသုံးပြုနိုင်တော့မည် စသည့် ပြည်တွင်းပြည်ပ နိုင်ငံတကာသတင်းများနှင့် News Watch (စောင့်ကြည့်) ဂျာနယ် ထွက်နေပြီဖြစ်သည်။

(သတင်းစဉ်)

ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းဆင်း

မန္တလေး နိုဝင်ဘာ ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာ အခြေခံသင်တန်းအမှတ်စဉ်(၁၉)သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွန့်တင်တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းတွင် ပထမဆုရရှိသော မူဆယ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အကြီးတန်းစာရေး ဒေါ်မျိုးမြတ်မြတ်အေး၊ ဒုတိယဆုရရှိသော ချမ်းမြသာစည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အကြီးတန်းစာရေး ဒေါ်မြမြစိုးနှင့် တတိယဆုရရှိသော တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ဦးစီးမှူး ဦးအောင်ကျော်သန်းတို့ကိုဆုများ ချီးမြှင့်ပေးပြီး သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းဆင်းပွဲသို့ မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဇေယျနှင့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသား ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

မြင်းမူမောင်နိုင်မိုး၏ "ကဗျာစပ်ပုံဖွဲ့နည်းစုံ" ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၆

ကဗျာပေါင်းချုပ် စာအုပ်များကို အစဉ်တစိုက်ရေးသားထုတ်ဝေခဲ့ခြင်းဖြင့် ကဗျာရေးသက် နှစ်ပေါင်း (၄၀) ကျော်အတွင်း အမျိုးသားစာပေဆုကို ခြောက်ကြိမ် တိုင်တိုင်ရရှိခဲ့သော ကဗျာဆရာ မြင်းမူမောင်နိုင်မိုး၏ ကဗျာစပ်ပုံ ဖွဲ့နည်းစုံ စာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ဒုတိယအကြိမ်အဖြစ် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။ လေးလုံးစပ်ကဗျာသည် အဘယ်ကြောင့် ပုဂံခေတ်ဦးကာလမှ ယနေ့အထိ အရှည်ခံ့ တည်တံ့နေပါသလဲ၊ ကာရန်စနစ်ကို ဖက်တွယ်ထားခြင်းသည် တိုးတက်သောအမြင်မဟုတ် ဆိုသည်မှာ မှန်ပါသလား၊ မြန်မာကဗျာစပ်နည်း အမျိုးအစားပေါင်း မည်မျှရှိသလဲ အစရှိသည်တို့နှင့် ပတ်သက်၍ ရှင်းလင်းချက်များနှင့် အတူ ကဗျာ့သဘော၊ ကဗျာ့ပရိယာယ်၊ ကဗျာ့ဟန် ကဗျာ့စံ၊ ကဗျာရေးဖွဲ့သူ၏ အကောင်းမြင်စိတ်၊ သံပေါက်၊ လေးလုံးစပ်၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံချို၊ တျာချင်း၊ လွမ်းချင်း၊ တေးထပ်၊ ရတု၊ အိုင်ချင်း၊ ရှစ်လုံးဖွဲ့၊ ကာချင်း၊ အဲချင်း၊ ညည်းချင်း၊ မှာတမ်း၊ ဘောလယ် အစရှိသော မြန်မာကဗျာများရေးစပ်သီကုံးပုံ အခြေခံနည်းစနစ်များကို ရှင်းရှင်းလင်းလင်း လွယ်ကူကူ ရေးသားတင်ပြထားသည့် အဆိုပါ စာအုပ်ကို ဝူဖရီစက္ကူချောဖြင့် သပ်သပ်ရပ်ရပ် ပုံနှိပ်ထုတ်ဝေထားပြီး နိုင်ငံ့ဂုဏ်ရည် စာပေတိုက် (၁) -၅၂၉/၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၂)- ရန်ကင်းကြေးအိုးနှင့် ရန်ကင်းတီတီစီ အကြား သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀နှင့် မန္တလေးမြို့-ထွန်းဦးစာပေ၊ နဂါးစာပေ၊ ညိုစာပေတို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။(သတင်းစဉ်)

လယ်ဝေးမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး မီးသတ်ညွှန်မှူး ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၆

မီးသတ်ဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်သည် အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် လယ်ဝေးမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ၌ ဈေးဆိုင်ခန်း တစ်ခန်းချင်းအလိုက် လျှပ်စစ်(Auto Braker)များ တပ်ဆင်ထားရှိမှု၊ မီးအသုံးပြု ရောင်းချသည့် ဆိုင်ခန်းများအလိုက် နေ့စဉ်မီးသုံးစွဲမှု၊ သေချာစွာ ငြိမ်းသတ်ထားရှိမှုနှင့် ဈေးတာဝန်ခံအရာရှိများ၊ ဈေးမိ ဈေးဖများက နေ့စဉ်စစ်ဆေးဆောင်ရွက်မှု၊ မီးငြိမ်းသတ်ရေးအတွက် ရေရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် အပေါ့စား မီးသတ်စက်ငယ်ဖြင့် လက်တွေ့ငြိမ်းသတ် ပြသမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး တောင်ကြီးမြို့ အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၆

အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများ ပြပွဲဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၉ ရက်တွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြပွဲကျင်းပရေးကော်မတီဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ တာဝန်ရှိသူများက ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြပွဲအတွင်းလှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးသည် အောက်တိုဘာ ၃၁ ရက်တွင် တောင်ကြီးပညာရေးကောလိပ် ခန်းမ၌ ကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာ အပ်နှင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပသော ၂၀၁၀ ခုနှစ် (၄၃)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အလွတ်တန်း(သက်ငယ်)ပြိုင်ပွဲ၌ ပထမ၊ အမျိုးသား-အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းဆုနှင့် သက်ကြီးတန်းပြိုင်ပွဲတွင် ပထမဆုသုံးဆု ဆွတ်ခူးရရှိသော ကာကွယ်ရေးဝန်ကြီးဌာန ပြေးခုန်ပစ်အသင်းအား ဒိုင်းဆုများနှင့်အတူ တွေ့ရစဉ်။

(ကာကွယ်ရေး)

ညောင်ဦးခရိုင်၌ ကိုရီးယားသမ္မတနိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့သည့် သင်တန်းသားဟောင်းများ တွေ့ဆုံပွဲကျင်းပ

ညောင်ဦး နိုဝင်ဘာ ၆

ညောင်ဦးခရိုင်၌ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ ဖိတ်ခေါ်မှုဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင်လေ့လာရေး ပညာသင်သွားရောက်ခဲ့သော သင်တန်းသားဟောင်းများနှင့် ပြန်လည်တွေ့ဆုံပွဲ အခမ်းအနားကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် ညောင်ဦးခရိုင်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၌ ကျင်းပရာ အခမ်းအနားတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာကွေကာ မိတ်သဂ်ဟအသင်း ဥက္ကဋ္ဌ ရွှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးဦးစန်းလွင်နှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စီမံကိန်းအပိုင်း(၃) စီမံကိန်းမန်နေဂျာ Mr.Jeong Jong Geun တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ ဆက်လက်၍ ကိုရီးယားနိုင်ငံသို့ ပညာသင်သွားရောက်ခဲ့သည့် သင်တန်းသား ၁၃ ဦးတို့က မိတ်ဆက်စကားပြန်လည် ပြောကြားခဲ့ပြီး မြန်မာကွေကာ မိတ်သဂ်ဟအသင်းဥက္ကဋ္ဌက အသင်း၏အခြေခံစည်းမျဉ်းများကို ဖတ်ကြားရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် သင်တန်းသား၊ သင်တန်းသူများလိုက်ပါလျက် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စီမံကိန်းအပိုင်း(၃) ဖြစ်သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ စိုက်ပျိုးထားသည့် သစ်တောစိုက်ခင်းများကို ကြည့်ရှုလေ့လာကြသည်။ ထိုမှတစ်ဆင့် ညောင်ဦးမြို့နယ် သူဌေးကန်ကျေးရွာသို့ သွားရောက်၍ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းတွင် အမှတ်တရ သစ်ပင်စိုက်ပျိုးခြင်း၊ ကျောင်းသား၊ ကျောင်းသူများသုံးစွဲရန် KOICA မှ ဆောက်လုပ်လှူဒါန်းသည့် သန့်စင်ခန်း လှူဒါန်းပွဲ အခမ်းအနားတို့ကို တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေတောင်-ပြည်ဒေသကောလိပ် ပြည်ကောလိပ် (၁၉၇၆ - ၁၉၈၅) အာစရိယပူဇော်ပွဲ ကျင်းပမည်

ပြည် နိုဝင်ဘာ ၆

ရွှေတောင်-ပြည်ဒေသကောလိပ်နှင့် ပြည်ကောလိပ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့်ပြီးသော ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ်ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၂၁ ရက်တွင် မဟာသုခဇောတိက ကျောင်းတော်ကြီးအလယ်ထပ် ခန်းမ (သုံးထပ်ဆောင်) ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဘုန်းကြီးလမ်း ပြည်မြို့၌ နံနက် ၁၀ နာရီတွင် ကျင်းပပြီး မွန်းတည့် ၁၂ နာရီတွင် မိတ်ဆုံစားပွဲကျင်းပမည်ဖြစ်ရာ ပြည်မြို့ ပါမောက္ခ ဦးကြည်(ငြိမ်း) ပထဝီ ဖုန်း-၀၅၃-၂၅၉၆၀၊ ဦးစိန်ဝင်း ဖုန်း-၀၉-၅၃၁၁၅၅၉၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၃၁၁၅၉၃၊ ဦးအေးလွင် ဖုန်း-၀၉-၅၃၇၄၃၆၃၊ ဦးစန်းကြူ(ရန်ကုန်) ဖုန်း-၀၉-၅၀၅၂၂၀၀၊ ဦးထင်လင်း ဖုန်း-၀၉-၅၁၁၉၄၆၇၊ ဒေါ်ခင်နှင်းအောင် ဖုန်း-၀၉-၅၁၁၈၆၆၄၊ ဦးသန်းဌေး ဖုန်း-၀၉-၅၁၁၀၇၇၂၊ ဒေါ်မိမိအောင် ဖုန်း-၀၉-၅၀၅၁၉၆၆နှင့် ဦးထင်အောင်မိုး(ခ) ဦးဆံနီ ဖုန်း-၀၉-၅၁၄၈၁၉၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၆

ဆင်ပေါင်ဝဲမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်တွေ့ဆုံပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ ၁၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရအသင်းဝင်သားသမီးများစာရင်းကို ဦးကြည်သိန်း ဖုန်း-၅၃၇၂၅၆၊ ၇၂၇၉၇၀၊ ၅၃၆၃၆၁၊ ၅၆၂၇၄၂ နှင့် ၀၉-၅၁၈၅၇၆၃ တို့သို့ နိုဝင်ဘာ ၁၀ ရက် နောက်ဆုံးထားပြီး အမြန်ဆုံးပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (သတင်းစဉ်)

အလှူငွေပေးအပ်

ကွယ်လွန်သူ သဘော်အင်ဂျင်နီယာ ဦးအောင်ညွှန့်သိန်း (၄၉) နှစ်အား ရည်စူး၍ အရှေ့ကြို့ကုန်း(၁)လမ်း အင်းစိန်မြို့နယ် ရန်ကုန်မြို့နေ မိဘ (ဦးအောင်ကျော်မြင့်)-ဒေါ်နှင်းလှမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင်နှင့် မျက်စိတွင်းထည့် မှန်ဘီလူးတို့အတွက် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးလှမြင့် လက်ခံစဉ်။

(သတင်းစဉ်)

မော်တော်ဆိုင်ကယ်များ ရောင်ပြန်တပ်ဆင်ရန် အသိပေး ကြေညာခြင်း

- ညအချိန်တွင် ယာဉ်တိုက်ခိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန် (အခြားယာဉ်များနည်းတူ) မော်တော်ဆိုင်ကယ်များ၌လည်း "ရောင်ပြန်" တပ်ဆင်ရန်။
- ရောင်ပြန်ပုံစံမှာ "အလျား(၃) လက်မပတ်လည်ရှိ တြိဂံပုံတွင် ဖြက် (၁/၂) လက်မ" ရောင်ပြန်အဝါနှင့် အလယ်တွင် မီးစုန်းအနီ အသုံးပြုထားပါသည်။
- မော်တော်ဆိုင်ကယ်၏ နောက်ဘီးဖုံးတွင် တပ်ဆင်ရန်။
- ရောင်ပြန်ပြားအား ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(နေပြည်တော်)တွင် ဆိုင်ကယ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပြသ၍ ဝယ်ယူရန်နှင့် တန်ဖိုးမှာ (၁၀၀၀) ကျပ်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ



ရောဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အရန်သားဖွားဆရာမသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေ သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။

(၅၄၀)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၁၁-၂၀၁၀(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၃၀ ၄။ **ကာတွန်းအစီအစဉ် - အမြွာစုံထောက် (အပိုင်း-၅၄)**
- ၁၂း၀၀ ၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်သူများရဲ့ကျွန်းကလေး**
- ၁၂း၃၀ ၆။ ကျန်းမာသုတ
- ၂း၀၀ ၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၁၃)**
- ၂း၅၀ ၈။ အပိတ်နှုတ်ဆက်စကား
- ၃း၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄း၄၅ ၇။ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း -မင်္ဂလာဦးဆွမ်းကျွေးဝတ်စုံ
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၀။ ဘဝကြေးမုံ
- ၆း၅၀ ၁၁။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇း၀၀ ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၂၃)**
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ အမျိုးသားရေးတေးကဗျာ
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၂၃)**
- ၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၄၀) (ဇာတ်သိမ်းပိုင်း)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

သံတွဲနှင့် ကျောက်ဖြူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် သံတွဲမြို့ သံတွဲလေဆိပ်ဧည့်ခန်းမ၌ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များ၊ စီမံဆောင်ရွက်ရမည့် အခြေအနေများကို မှာကြားသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် မြေပုံမြို့နယ် ဥပသုန် ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ လေဘေးသင့် ပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာမူလတန်းကျောင်းအတွင်း အတန်းလိုက် ပညာသင်ကြားနေမှု၊ ကျေးလက်ကျန်းမာရေးဌာနအတွင်း လေဘေးကယ်ဆယ်ရေး ဆေးပေးခန်း ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျောက်ဖြူမြို့နယ် ကျောက်ဖြူလေဆိပ်သို့ရောက်ရှိ၍ မြေပုံမြို့နယ်အတွင်းရှိ လေဘေးသင့် ပြည်သူများအတွက် ကယ်ဆယ်ရေးဆိုင်ရာ ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး ရဟတ်ယာဉ်ပေါ်သို့ တင်ချနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြေပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိ၍ မုန်တိုင်းသင့်ဒေသများရှိ ပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်းများနှင့် အရေးပေါ်ဆေးဝါးများကို တာဝန်ရှိသူတို့ကို လွှဲပြောင်းပေးအပ်ကာ ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများ ဖြန့်ခွဲပေးမှုနှင့် စပ်လျဉ်း၍ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် ကျောက်ဖြူမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လေပွေ့ဆိပ်ကမ်းသို့ သွားရောက်၍ ရခိုင်ပြည်နယ် မုန်တိုင်းသင့်ဒေသများအတွက် သော်တာဒေဝီကုန်သင်္ဘောဖြင့် ပါရှိလာသော ကယ်ဆယ်ရေးပစ္စည်းများ၊ အရေးပေါ်ဆေးဝါးများ၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် ဆောက်လုပ်ရေးပစ္စည်းများ တင်ချနေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

အားပေးစကားပြောကြား

ယင်းနောက် တိုင်းမှူးသည် ကျောက်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက်ရှိ ရေစန်တားတမံဆည်ဖို့ထားမှုနှင့် ပြင်ဖြူမော်ကျေးရွာအုပ်စု ပြင်ဖြူမော် ရေစန်တားတမံကို တပ်မတော်သားများ၊ လူမှုရေးအသင်းဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းစုပေါင်း၍ တာတမံဆည်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု အားပေးစကားပြောကြားခဲ့ပြီး ကျောက်ဖြူမြို့ ပညာရေးကောလိပ်သို့ ရောက်ရှိကာ ကျောင်းဝင်းအတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော အဆောက်အအုံအမိုးများ ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးနေမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုမှတစ်ဆင့် ကျောက်ဖြူမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ပေါက်တောမြို့နယ် ငရီချိုင်ကျေးရွာသို့ ရောက်ရှိပြီး မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လေဘေးသင့်ပြည်သူများသို့ တည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ၊ အရေးပေါ်ဆေးဝါးနှင့် CDMA မိုဘိုင်းတယ်လီဖုန်းနှင့် ဆက်စပ်ပစ္စည်းများကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်ခဲ့ကာ ဒေသနေပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

CROWN Education က အင်္ဂလိပ်စာသင်တန်းများ ဖွင့်မည်

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတကာတွင် ပညာသင်ယူမည့်သူများအတွက် အခြေခံမှ စတင်လေ့ကျင့်သင်ကြားပေးမည့် IELTS Foundation Course နှင့် English for International Student Course တို့ကို CROWN Education က ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့အပြင် အင်္ဂလိပ်စာကို ယုံကြည်မှုရှိစွာဖြင့် အသုံးပြုပြောဆိုနိုင်သော အရည်အချင်းများရသည်အထိ လေ့ကျင့်ပေးမည့် General English 4 Skills နှင့် အတူ Personality Development, Presentation Skills, Study Skills အစရှိသော ဘာသာရပ်များ ပါဝင်သည့် English for Student Course ကို ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ IELTS Foundation Course တွင် စာမေးပွဲအတွင်း ဖြေဆိုပုံဖြေဆိုနည်း လမ်းညွှန်ချက်များသာမကဘဲ အရေး၊ အဖတ်၊ အပြော၊ နားထောင် စွမ်းရည် (Skills) လေးခုအပြင် သဒ္ဒါ (Grammar) နှင့် ဝေါဟာရ (Vocabulary) အပိုင်းများကိုပါ ဘက်ညီစေရေး လေ့ကျင့်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်ထားသည်ဟု သိရသည်။

English for International Student Course တွင်လည်း ပညာရေးနှင့် ပတ်သက်သည့် ဝေါဟာရများ၊ Effective Academic Reading /Writing များပါဝင်ပြီး Critical Thinking အား အထောက်အကူပြုစေမည့် လေ့ကျင့်ခန်းများအပြင် နိုင်ငံတကာ ကျောင်းဝင်ခွင့် စာမေးပွဲများ ဖြေဆိုလိုသူများအတွက်ပါ အထောက်အကူပြုစေရန် ပြင်ဆင်ပေးမည့် Course ဖြစ်သည်။

အရေးသီးသန့် လေ့ကျင့်လိုသူများအတွက် Academic Writing and Creative Writing Course ကို ရွေးချယ် တက်ရောက်နိုင်ပြီး ဝန်ထမ်းများနှင့် ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေသူများအတွက် ရုံးချိန်ပြင်ပ တက်ရောက်နိုင်သည့် Business English ကို တက်ရောက်နိုင်ကာ အဆိုပါ Business English တွင် Business Letter Writing, Reporting, Job Hunting, Interview Technique, Effective Job Applications စသည့် ကဏ္ဍများကို လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

အသေးစိတ်သိရှိလိုသူများနှင့် သင်တန်းတက်ရောက်လိုသူများသည် CROWN Education ရုံးခန်းတည်ရှိရာ Summit Parkview Hotel, Room(228/229), ဖုန်း-211888 (Ext 228/229) CROWN Education Training Center, အမှတ်(၁၈-5B) ဦးထွန်းလင်းခြံလမ်း လှည်းတန်း ဖုန်း-၅၂၄၉၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၆

ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဒီပလိုမာ/ ဘွဲ့လွန်သင်တန်း အသီးသီးတို့တွင် ပညာသင်ကြားပေးခဲ့သော အသက်(၇၀) ပြည့်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်များအား မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား/သူဟောင်းများသည် ဒေါက်တာတင်မင်း ဖုန်း-၀၉-၅၀၀၅၁၃၀၊ ၃၉၅၂၀၇၊ ဒေါက်တာမျိုးဦး ဖုန်း-၀၉-၅၁၄၂၉၇၂၊ ၆၈၄၉၈၆၊ ဒေါက်တာလှမြင့် ဖုန်း-၀၉-၅၁၅၀၂၁၂၊ ၅၄၄၂၇၉၊ ဒေါက်တာ တင်ဝင်းကျော် ဖုန်း-၀၉-၈၇၀၂၀၉၀၊ ၀၆၇-၄၁၁၀၀၃၊ ဒေါက်တာဌေးလွင် ဖုန်း-၀၉-၈၆၂၅၈၆၉၊ ၂၉၉၈၉၃၊ ၅၄၅၄၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။(ကြေးမုံ)

ကော့သောင်းမြို့ ဘုရင့်နောင်ကုန်းမြေ ပန်းအလှပင်များ ပုံဖော်ခြင်း လုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ အမှူးဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပန်းချီဆရာကြီး ဦးလွန်းကြွယ် မိသားစု၏ "အနုပညာစီးဆင်းခြင်း" မိသားစု ပန်းချီပြပွဲ၌ ပန်းချီကားလေးကား ရောင်းချရငွေများမှ မေရီချက်(ပ်)မင်းဆွံ့အနားမကြားသူများကျောင်းသို့ အမေရိကန်ဒေါ်လာ ၄၇၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပန်းချီကားလေးကား ရောင်းချရငွေများကို လူမှုရေးအသင်းအဖွဲ့များသို့ လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၆

ပန်းချီဆရာကြီး ဦးလွန်းကြွယ် မိသားစု၏ တတိယအကြိမ်မြောက် "အနုပညာစီးဆင်းခြင်း" မိသားစု ပန်းချီပြပွဲတွင် လေလံတင်ရောင်းချခဲ့သော ပန်းချီကားလေးကားမှ ရရှိငွေများအား လူမှုရေးအသင်းအဖွဲ့များသို့ လှူဒါန်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့ ဆာကူရာ တာဝါရှိ Sky Bistro ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် မိသားစုများ၊ အဓိက ပံ့ပိုးကူညီခဲ့သော MDG Co., Ltd. (Royal Myanmar Teamix) မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်း၊ Mr. Danny Goh, Co. Sponsors များအဖြစ် ပံ့ပိုးကူညီခဲ့သော Cannon မှ မန်နေဂျင်းဒါရိုက်တာ Mr. Alvin Law, Grand Mee Ya Hta နှင့် The Myanmar Times မှ တာဝန်ရှိသူများ၊ ပန်းချီလေလံဝယ်ယူ လှူဒါန်းခဲ့သူများ၊ စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ၊ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ ပရဟိတ ကျားကျောင်းနှင့် မေရီချက်(ပ်)မင်းဆွံ့အ နားမကြားသူများကျောင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပန်းချီဆရာကြီး ဦးလွန်းကြွယ်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး ဇီဝိတဒါနသံဃာ့ဆေးရုံနှင့် ပရဟိတ ကျားကျောင်းတို့သို့ အမေရိကန်ဒေါ်လာ ၁၀၂၅၀ စီနှင့် မေရီချက်(ပ်)မင်း ဆွံ့အနားမကြားသူများကျောင်းသို့ အမေရိကန်ဒေါ်လာ ၄၇၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅၂၀၀ တို့ကို ပေးအပ်လှူဒါန်းကာ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ ပရဟိတ ကျားကျောင်းနှင့် မေရီချက်(ပ်)မင်း ဆွံ့အနားမကြားသူများကျောင်းတို့မှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားကြသည်။

(သတင်းစဉ်)

ထန်းတပင်မြို့နယ်၌ မိုးစပါးအထွက်မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်း

ရန်ကုန် နိုဝင်ဘာ ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးအောင်သန်းလွင်သည် ရန်ကုန်မြောက်ပိုင်းခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးဇော်မိုးအောင်၊ ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမောင်မောင်သန်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး ဦးဇော်ဝင်းအောင်နှင့် မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုအဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာ ၁ ရက်တွင် ထန်းတပင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကွင်းအမှတ်(၂၅၁) ဦးပိုင်အမှတ်(၃၂/၄)မှ တောင်သူ ဦးထွန်းလှစိန်၏ ဆင်းသုခစပါး ၉ ဒသမ ၉၇ ဧကသို့ သွားရောက်၍ မိုးစပါးအထွက်မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းကြရာ ခြောက်သွေ့ပြီး စပါးတစ်ဧက ၇၉ ဒသမ ၂၅ တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၁၁-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ဝိပဿနာအလုပ်ပေးတရား" (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၇)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၄)**
၈း၅၀	Memories of the 1980's Music Concert (Part-7)
၉း၂၅	Sunday Talk (မျိုးမြတ်သူ၊ အတ္တကျော်)
၁၀း၁၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အားလုံးသာသာယာယာပဲ" ရိုက်ကွင်းအမှတ်တရ
၁၀း၃၀	ဗီဒီယိုပြခန်း
၁၀း၅၀	ဈေးဝယ်လမ်းညွှန် (ရွှေမြယာ Center)
၁၁း၂၀	သီဂီရွှေဝါဆိုသည်မှာ. . .
၁၁း၄၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (နုနုလွင်၏တေးများ)
၁၂း၀၀	အမျိုးသားများနှင့်ပတ်သက်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၂) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
၁၂း၂၀	ရွှေမင်းသား သို့မဟုတ် နှလုံးသား ထက်မြက်သူ
၁၂း၄၅	ရန်ကုန်မြင်ကွင်းကျယ် (အရိုးအဆစ်ဆိုင်ရာလူထု ကျန်းမာရေးပညာပေး ဟောပြောပွဲ)
၁း၀၀	"ဝိပဿနာအလုပ်ပေးတရား" (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း (ဒေါ်သကြီးတာကောင်းတယ်၊ ဒေါ်သမကြီးတာကောင်းတယ်)
၃း၁၅	မြေလျှောကြောင့် အန္တရာယ် ဖြစ်နိုင်ခြေကိုလေ့လာခန့်မှန်း တွက်ချက်သည့်သင်တန်း
၃း၂၀	Kid's Show
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၄)**
၄း၅၅	အရည်အသွေးတို့၏အစပထမ
၅း၀၅	FMF Selection
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၈)**
၇း၂၅	သွားမယ်စားမယ် (Padonmar Restaurant)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဟိုတယ်လမ်းညွှန် (Nature Land Hotel)
၉း၁၀	Talent Show (နန်းတွင်းယိမ်းအကနှင့် ဆီမီးခွက်အက)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၅)**
၁၀း၂၅	Barclays Premier League (Liverpool Vs Chelsea)
၁၂း၂၅	ပန်းချီပြခန်း (Story 1 ပန်းချီပြပွဲ)
၁၂း၃၀	ရဲယိုနှင့်ကျန်းမာရေး
၁၂း၄၀	ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၁၂း၅၅	Celebrity Profile (Avirl Lavigne)
၁း၃၀	အားကိုးအားထား (ဖိုးသောကြာ၊ ဦးမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-ကောင်းမြတ်)
၁း၄၅	Shooting Location (ကီလီ ၆)
၂း၁၀	ကိုယ်ပိုင်ဟန်ဖက်ရှင် (တိမ်ပြာမို့မို့လွင်)
၂း၃၀	အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှ စက်မှု(၁)၏ ကြွေပြားအလှ
၂း၄၅	တိရစ္ဆာန်လေးတွေမွေးကြမယ် (ငါးကန်အလှဆင်ခြင်း)
၃း၁၀	Box Office Movies (Watch Men)
၃း၃၅	သီးနှံစိုက်ပျိုးအထွက်တိုး "ဆောင်းရာသီပဲတီစိမ်းပန်းတိုင်"
၃း၄၀	စက်မှုစီးပွားထုတ်ကုန်အား (ကော်ဖီမှုန့်ထုတ်လုပ်မှု နည်းစနစ်များ)
၄း၀၅	မောတို့မြေမှ အံ့ဖွယ်ထူးခြား လိုဏ်ဂူများ
၄း၅၅	အံ့ဖွယ်တမူ "ဆဒ္ဒန်ဂူ"
၅း၀၀	အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Arsenal - Newcastle	ESPN (Live)
၁၀း၂၅	Liverpool - Chelsea	ESPN (Live)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❖ ကျောဖုံးမှ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုတွင် သမိုင်းတွင်မည့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်မြင့်မားမှုအတွက် များစွာ အထောက်အကူပြုစေမည့် ရတနာပုံအင်တာနက်အိတ်ချိန်း၊ ရတနာပုံ Web Portal နှင့် Tripple Play Soft Switch များ ဖွင့်လှစ်နိုင်ခြင်းသည် ရတနာပုံဆိုင်ဘာစီးတီးအတွက် ဂုဏ်ကျက်သရေ အထူးပြည့်စုံသော နေ့ရက်တစ်ရက်ပင် ဖြစ်သည်။

ရတနာပုံတယ်လီပို့ ပင်မအဆောက်အအုံတွင် ဖွင့်လှစ်ခဲ့သော နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) သည် နိုင်ငံတကာ တက္ကသိုလ်အသီးသီး၌ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထား သင်ကြားပေးလျက်ရှိသည့် ခေတ်မီအဆင့်မြင့် ICT နည်းပညာရပ်များ၊ အီလက်ထရွန်နစ်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ၊ တိကျစက်ပစ္စည်းထုတ်လုပ်ရေးပညာရပ်များနှင့် အဆင့်မြင့်ဒြပ်ပစ္စည်း ထုတ်လုပ်ရေးပညာရပ်များကို သုတေသနအခြေခံပြီး ပစ္စည်းအသစ်များ တီထွင်ထုတ်လုပ်နိုင်အောင် လေ့ကျင့်သင်ကြားပေးသွားမည့် သုတေသနအခြေပြု တက္ကသိုလ်တစ်ခုဖြစ်သည်။

နိုင်ငံတော်အတွက် အဓိက လိုအပ်လျက်ရှိသည့် အဆင့်မြင့် IT ပညာရှင်များ၊ ဆက်သွယ်ရေးနှင့် ခေတ်မီစက်ကိရိယာထိန်းချုပ် အီလက်ထရွန်နစ်ပညာရှင်များ၊ အဆင့်မြင့်စက်ပစ္စည်းထုတ်လုပ်မှုနှင့် အရည်အသွေးထိန်းချုပ်မှုဆိုင်ရာပညာရှင်များ၊ အဆင့်မြင့် ဒြပ်ပစ္စည်းထုတ်လုပ်ခြင်းနှင့် အရည်အသွေးမြှင့်တင်ရေး နည်းပညာရှင်များ၊ နာနိုနည်းပညာသုံးပစ္စည်းများ ထုတ်လုပ်ရေးဆိုင်ရာပညာရှင်များကို အဆိုပါတက္ကသိုလ်ကြီးမှ စတင်မွေးထုတ်ပေးနိုင်မည် ဖြစ်သည်။

ဤသို့ မွေးထုတ်ပေးနိုင်ရန်အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာမဟာဌာန၊ တိကျစက်ပစ္စည်းထုတ်လုပ်ရေး အင်ဂျင်နီယာမဟာဌာန၊ အီလက်ထရွန်နစ် အင်ဂျင်နီယာမဟာဌာန၊ အဆင့်မြင့်ဒြပ်ပစ္စည်း အင်ဂျင်နီယာမဟာဌာနဟူ၍ ဌာနကြီးလေးခုဖွဲ့စည်းထားရှိပြီး အဆိုပါဌာနကြီးလေးခုအောက်၌ သုတေသနလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် သုတေသနဌာန ၁၅ ခုကိုပါ ဖွဲ့စည်းထားရှိပေရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) သည် နိုင်ငံတော်အတွက် အနာဂတ်တွင် အလွန်အရေးပါသော ကဏ္ဍတစ်ခုအဖြစ် စွမ်းဆောင် ပံ့ပိုးပေးနိုင်မည်ဖြစ်ပေသည်။

ရတနာပုံဆိုင်ဘာခန်းမ၌ ဖွင့်လှစ်ခဲ့သော ရတနာပုံအင်တာနက်အိတ်ချိန်း (Internet Exchange Point-IXP)၊ ရတနာပုံ Web Portal နှင့် Tripple Play Soft Switch များသည် IP ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် မရှိမဖြစ်လိုအပ်ချက်များကို အခြေခံကျကျ ဖြည့်ဆည်းဆောင်ရွက်ပေးလိုက်ခြင်းပင် ဖြစ်သည်။

ရတနာပုံ IXP (Internet Exchange Point)သည် ပြည်သူများအား အင်တာနက်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည့် ISP (Internet Service Provider)များ လုပ်ငန်းဆောင်ရွက်နိုင်စေရန်အတွက် လိုအပ်သည့် အင်တာနက်စက်ပစ္စည်းများ တပ်ဆင်ထားသော အိတ်ချိန်းကြီးဖြစ်၍ အမျိုးမျိုးသော အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများကို ရတနာပုံ IXP မှတစ်ဆင့်အပြန်အလှန် ဖြတ်သန်း ဆက်သွယ်နိုင်ကြတော့မည် ဖြစ်သည်။

ရတနာပုံ Web Portal သည် နိုင်ငံတော်၌ ယခုမှ စတင်တည်ထောင်သည့် ဝန်ဆောင်မှုလုပ်ငန်းအသစ် တစ်ခုဖြစ်သည်။ နိုင်ငံတွင်းမှ ပညာဗဟုသုတရှာမှီးလိုသူများ၊ သတင်းအချက်အလက်ရယူလိုသူများအပါအဝင် အင်တာနက်သုံးစွဲသူများအနေဖြင့် မိမိတို့ကြည့်ရှုလိုသော Website များကို နိုင်ငံခြား IP ကုမ္ပဏီများ၏ Search Engine များကိုသာအသုံးပြု၍ လိုက်လံရှာဖွေကြရသည့်အခြေအနေမှ ယခုအခါ မိမိတို့နိုင်ငံ၏ ကိုယ်ပိုင် Search Engine အသုံးပြု၍ရှာဖွေနိုင်အောင် တည်ဆောက်ထားခြင်းဖြစ်သည်။

နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)တွင် သင်တန်းသူများ လက်တွေ့သင်ကြားလေ့လာနေစဉ်။

ယနေ့ကမ္ဘာပေါ်တွင် နောက်ဆုံးပေါ် ICT နည်းပညာများအနက် တစ်ခုအပါအဝင်ဖြစ်သည့် Tripple Play ဝန်ဆောင်မှုသည် အင်တာနက်ဝန်ဆောင်မှုနှင့် ပြန်ကြားရေး၊ ဆက်သွယ်ရေးလုပ်ငန်းများကို ပေါင်းစုအသုံးပြုထားသည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်။ အင်တာနက်၊ တယ်လီဖုန်းနှင့် Video IPTV ဝန်ဆောင်မှုလုပ်ငန်း သုံးမျိုးကို ဖိုင်ဘာ၊ Wireless၊ ဂြိုဟ်တု စသည့် ဆက်သွယ်ရေးမီဒီယာ တစ်ခုခုပေါ်က တစ်ဆင့် တစ်ပေါင်းတည်း ဝန်ဆောင်မှုပေးသောစနစ်ဖြစ်သည်။ Tripple Play ဝန်ဆောင်မှု၌ ပါဝင်သည့် VOIP (Voice over IP) တယ်လီဖုန်းစနစ်ကို ယခုဖွင့်လှစ်လိုက်သော Soft Switch ပေါ်မှ ပေးပို့ဆက်သွယ်သွားမည်ဖြစ်သည်။

ရတနာပုံ နည်းပညာမြို့သစ်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင် ကားလမ်းမိုင်တိုင်အမှတ် (၂၇/၀)တွင် တည်ရှိ၍ အသီးသီးသို့ 1Gb ဖြင့်လည်းကောင်း၊ FTTX ဆက်သွယ်ရေးစနစ်အတွက် ရတနာပုံတယ်လီပို့နှင့် ရန်ကုန်တယ်လီပို့အကြား 1Gb ဖြင့် လည်းကောင်း ချိတ်ဆက်ထားပြီးဖြစ်သည်။

ရတနာပုံမြို့သစ်စီမံကိန်းရှိ ရတနာပုံတယ်လီပို့ကို ၁၄-၁၂-၂၀၀၇ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည်။ ယခုအခါ Soft Based Factories များအတွက် လျာထားမြေကွက်များတွင် ရင်းနှီးမြှုပ်နှံသူများက စက်ရုံများဆောက်လုပ်လျက်ရှိပြီး Incubation Center များလည်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်၍ လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရတနာပုံ နည်းပညာမြို့သစ်တွင် ကုမ္ပဏီ စုစုပေါင်း ၁၆ ခုတို့က မြေကွက် ၂၂ ကွက်နှင့် Incubation Center ခုနစ်ခုကို ဝယ်ယူ/ငှားရမ်းရန် အဆိုပြုထားပြီးဖြစ်သည်။ ရတနာပုံနည်းပညာမြို့သစ်တွင် ရင်းနှီးမြှုပ်နှံကြသည့် ကုမ္ပဏီများသည် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းသုံးစက်များနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် IT ပညာရှင်များ မွေးထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)ရှိ သင်ကြားရေးအထောက်အကူပြု ပစ္စည်းများကို တွေ့ရစဉ်။ (ယာပုံနှင့် အောက်ပုံ)



ရတနာပုံနည်းပညာမြို့သစ်၌ IT လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသော MCC Group အနေဖြင့် ၂၀၀၉ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံတစ်ဝန်းမှ အိုင်တီပညာစိတ်ပါဝင်စားသော လူငယ်လူရွယ်များကို စုစည်း၍ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ နိုင်ငံတကာအဆင့်မီ Software အင်ဂျင်နီယာများ ပေါ်ထွက်လာရေးအတွက် MCC Training Institute (Yatanarpon) ကို ဖွင့်လှစ်ပြီး စတင်လေ့ကျင့်ပျိုးထောင်ပေးခဲ့သည်။ ၂၀၁၀ခုနှစ်တွင် အဆိုပါ ကျောင်းသား၊ ကျောင်းသူများသည် ဒုတိယနှစ်အဆင့် ပညာသင်ကြား



ရတနာပုံနည်းပညာမြို့သစ်တွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော နည်းပညာကုမ္ပဏီများမှထုတ်လုပ်သော ဆက်သွယ်ရေးလုပ်ငန်းသုံး အဆင့်မြင့်ကေဘယ်လ်ကြီးများကို တွေ့ရစဉ်။

သည်။ စီမံကိန်းဧရိယာစုစုပေါင်း ဧက ၁၀၀၀၀ ကျယ်ဝန်းပြီး စီမံကိန်းပထမအဆင့်မှာ ဧက ၂၂၀၀ဖြစ်သည်။ ယခုအခါ A 1 ကုမ္ပဏီက တာဝန်ယူဆောက်လုပ်သည့် Teleport အဆောက်အအုံနှင့် Incubation အဆောက်အအုံ ခုနစ်ခုတို့မှာ ပြီးစီးပြီဖြစ်သည်။ ရတနာပုံမြို့သစ်အတွင်း ကွန်ကရစ်လမ်းနှင့် အမာခံမြေသားလမ်းကို သော်တာဝင်းကုမ္ပဏီက တာဝန်ယူဖောက်လုပ်လျက်ရှိသည်။

ရတနာပုံ နည်းပညာမြို့သစ်တွင် ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်ထားရှိရာ ရတနာပုံမြို့သစ်နှင့် မန္တလေးအိတ်ချိန်းအကြား ဖိုက်ဘာကေဘယ် ၃၈ ကီလိုမီတာ၊ ပြင်ဦးလွင်မြို့ အိတ်ချိန်းနှင့် ရတနာပုံမြို့သစ်အကြား ဖိုက်ဘာကေဘယ်၂၇ ကီလိုမီတာ စုစုပေါင်း ဖိုက်ဘာကေဘယ် ၆၅ ကီလိုမီတာ သွယ်တန်းပြီးဖြစ်သည်။ Teleport နှင့် Incubation Center ခုနစ်ခုတို့အတွင်း တယ်လီဖုန်း၊ ဒေတာနှင့် CATV များ တည်ဆောက်ပြီးဖြစ်သည်။

ရန်ကုန် - နေပြည်တော် - မန္တလေး-ရတနာပုံဖိုက်ဘာဆက်ကြောင်းပေါ်တွင် DWDM Fiber Transmission Link (10 Gb IP Transmission Backbone) တည်ဆောက်ခြင်းပြီးစီးသွားသဖြင့် အင်တာနက်ဆက်သွယ်ရေးစနစ်အတွက် ရတနာပုံ ISP မှ ရန်ကုန် ISP နှင့် ရတနာပုံတယ်လီပို့ ISP (ရန်ကုန်)



ခုနစ်ခုကို ဝယ်ယူ/ငှားရမ်းရန် အဆိုပြုထားပြီးဖြစ်သည်။ ရတနာပုံနည်းပညာမြို့သစ်တွင် ရင်းနှီးမြှုပ်နှံကြသည့် ကုမ္ပဏီများသည် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းသုံးစက်များနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် IT ပညာရှင်များ မွေးထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ရတနာပုံနည်းပညာမြို့သစ်၌ IT လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသော MCC Group အနေဖြင့် ၂၀၀၉ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံတစ်ဝန်းမှ အိုင်တီပညာ စိတ်ပါဝင်စားသော လူငယ်လူရွယ်များကို စုစည်း၍ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ နိုင်ငံတကာအဆင့်မီ Software အင်ဂျင်နီယာများ ပေါ်ထွက်လာရေးအတွက် MCC Training Institute (Yatanarpon) ကို ဖွင့်လှစ်ပြီး စတင်လေ့ကျင့်ပျိုးထောင်ပေးခဲ့သည်။ ၂၀၁၀ခုနှစ်တွင် အဆိုပါ ကျောင်းသား၊ ကျောင်းသူများသည် ဒုတိယနှစ်အဆင့် ပညာသင်ကြားလျက်ရှိပြီး ၂၀၁၁ ခုနှစ်တွင် နိုင်ငံတကာအရည်အချင်းပြည့်မီသော အိုင်တီပညာရှင်များအဖြစ် ပေါ်ထွက်လာတော့မည်ဖြစ်သည်။

MCC Group သည် MCC Training Institute နှင့် ပူးတွဲတည်ထောင်ထားသော International Software Development Center တွင် အဆိုပါ သင်တန်းသား၊ သင်တန်းသူများအား MCC Group က တီထွင်ထုတ်လုပ်သည့် ရုံးဌာနနှင့်အဖွဲ့အစည်း အသီးသီးတို့အတွက် ကွန်ပျူတာစနစ်များ အကောင်အထည်ဖော် ဆောင်ရွက်မှုများ၌ လက်တွေ့လုပ်ငန်းအတွေ့အကြုံရရှိစေရန် On the Job Training (OJT) ဆောင်ရွက်ပေးလျက်ရှိသည်။

ရတနာပုံနည်းပညာမြို့သစ်၌ ရင်းနှီးမြှုပ်နှံကြသည့် ကုမ္ပဏီများ၏ စက်ရုံ (Soft Based Factory)များ၌ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းသုံးစက်များနှင့် ဆက်စပ်ပစ္စည်းများ(ICT Equipment)ကို ထုတ်လုပ်လျက်ရှိသည်။ Elite Tech Manufacturing Co., Ltd. ၏ စက်ရုံတွင် CDMA-800 နှင့် CDMA- 450 Top-up Card များ (ကျပ် ၁၀၀၀၀တန်နှင့် ကျပ် ၃၀၀၀၀တန်)၊ CDMA-800 MHz တွင် အသုံးပြုနိုင်သော FWT (Fixed Wireless Terminal ETS 2222+)၊ BBU 3900 (Basebond Unit of BTS) များ၊ BTS 360 CE (CDMA 450 MHz) 4th Generation များကိုလည်းကောင်း၊ ရတနာပုံ ဖိုက်ဘာကုမ္ပဏီလီမိတက်၏ စက်ရုံတွင် ဖိုက်ဘာကေဘယ်နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ASIA MEGA LINK Co.,Ltd. ၏ စက်ရုံတွင် ဆိုလာပြား၊ ဆိုလာကွန်ထရိုလာနှင့် အိတ်ချိန်းဆက်စပ်ပစ္စည်းများ ကိုလည်းကောင်း ထုတ်လုပ်လျက်ရှိသည်။

ရတနာပုံ နည်းပညာမြို့သစ် (Yatanarpon Cyber City) စီမံကိန်းအတွင်းပါဝင်သော ရတနာပုံသတင်းအချက်အလက်နှင့် နည်းပညာထုတ်လုပ်ရေး၊ လေ့ကျင့်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီစွာ ပေါ်ထွန်းလာရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်၊ ရင်းနှီးမြှုပ်နှံကြသော လုပ်ငန်းရှင်များနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဝိုင်းဝန်းပူးပေါင်း၍ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ရတနာပုံနည်းပညာမြို့သစ်သည် ယခုအခါ နိုင်ငံတော်၏ ICT နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ခရီးလမ်းကြောင်းတွင် အဆင့်တစ်ဆင့်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်၏ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ပြည်သူများ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဘက်ပေါင်းစုံ၌ အဆင့်အတန်း တိုးတက်မြင့်မားကာ နောင်အနာဂတ်ကာလတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော်အဖြစ်သို့ မလွဲမသွေ ရောက်ရှိတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရတနာပုံနည်းပညာမြို့သစ်တွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော နည်းပညာကုမ္ပဏီများမှ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှု မြင်ကွင်းကို တွေ့ရစဉ်။

မအူပင်မြို့နယ် (၉)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ထူးသည် အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီတွင် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် (၉)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

လမ်းသစ်ဖွင့်ပွဲတွင် မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညွန့်စိန်၊ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် ရပ်မိရပ်ဖ ဦးတင်ထွန်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကတ္တရာလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ မအူပင်မြို့ (၉)လမ်း ကတ္တရာလမ်းသစ်သည် လမ်းအကျယ် ၁၀ ပေ၊ လမ်းအရှည် ၁၁၃၅ ပေရှိပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သောလမ်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် (၉)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

STI မှ Seminar on Logistics Management ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၆

STI မှ Seminar on Logistics Management ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၃ ရက် (စနေနေ့)တွင် STI Education (Myanmar Info-Tech) ၌ ကျင်းပမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲကို တက်ရောက်လေ့လာခြင်းအားဖြင့် အဖွဲ့အစည်း အောင်မြင်စွာ လည်ပတ်နိုင်ရန် သီအိုရီများ၊ လက်တွေ့များဖြင့် ထင်ဟပ်စေမည့် နည်းနိသဿရည်းများကို ဝါရင့်ဆရာကြီး၊ ဆရာမကြီးများက မီးမောင်းထိုးပြပေးမည်ဖြစ်ကြောင်း သိရသည်။

Logistics သည် Supply Chain ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ စတင်ထုတ်လုပ်သည့်အဆင့်မှ စားသုံးသူများ လက်ဝယ်ရောက်ရှိသည့် အဆင့်အထိ စီမံချက်ချခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကုန်ကြမ်းများ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကုန်စည်နှင့် ဆောင်ရွက်မှုများ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း သတင်းအချက်အလက်များ ပြေပြေပြစ်ပြစ် အထစ်အငေါ့မရှိ ရှေ့နောက်လည်ပတ်နေသည့်ဖြစ်စဉ်ကို ရည်ညွှန်းသည်။ Logistics ဆိုသည်မှာ မှန်ကန်သည့်ကုန်ပစ္စည်း (သို့)ဝန်ဆောင်မှုကို မှန်ကန်သည့်နေရာ၊ မှန်ကန်သည့်အချိန်တွင် လိုအပ်သည့်အနေအထားဖြင့် စရိတ်အသက်သာဆုံးနှင့် မြှုပ်နှံငွေပေါ်ပြန်ရချက် အများဆုံးဖြစ်စေမည့် နည်းလမ်းများကို ဦးတည်သည့် သဘောတရားဖြစ်သည်။

လုပ်ငန်းတစ်ခုတွင် ဘဏ္ဍာရေး (Finance)၊ ထုတ်လုပ်ရေး(Production)၊ ဈေးကွက်ရှာဖွေရေး (Marketing)၊ နေရာဆုံးဖြတ်ချက်(Place decision)၊ ဈေးနှုန်းဆုံးဖြတ်ချက်(Price decision)၊ သိုလှောင်မှုစရိတ် (Landed costs)၊ ထုတ်ကုန်ဆုံးဖြတ်ချက် (Product decision)၊ ပစ္စည်းအထွက်၊ အရောင်းမြှင့်တင်ရေးဆုံးဖြတ်ချက် (Promotion decision) အားလုံးသည် Logistics နှင့် ဆက်စပ်မှုရှိကြသည်။

လက်တွေ့လောကတွင် Logistics ဥပမာတစ်ရပ်အနေဖြင့် Wal-Mart သည် ကုန်စည် လက်လီဖြန့်ချိရာတွင် အမြန်ဆုံး အထိရောက်ဆုံးအဖြစ် တစ်ကမ္ဘာလုံးက လက်ခံကြသည်။ နိုင်ငံအသီးသီးတွင် Wal-Mart ဆိုင်များရှိပြီး Wal-Mart ၏သင်္ကေတ နာမည်ကျော် လက်လီဖြန့်ဖြူးသည့်စနစ်မှာ Retail Link ဖြစ်သည်။ လက်လီချိတ်ဆက်မှု (Retail Link)ကို ကုမ္ပဏီ၏ နေရာတော်တော်များများတွင် ထင်ထင်ရှားရှား တွေ့မြင်ရမည်ဖြစ်သော်လည်း ပဓာနကျသည့် နေရာတစ်ခုမှာ ကုန်ပစ္စည်းလက်ကျန်(inventory) ဖြစ်သည်။ Retail Link သည် အချိန်ကိုက်လက်ကျန်ထားသောစနစ် (just-in-time inventory system) ဖြစ်၍ ဂျပန်နိုင်ငံ၏ မော်တော်ကားတပ်ဆင်ထုတ်လုပ်သည့် လုပ်ငန်းက ကနဦးတီထွင်ခဲ့သည့် JITကို Wal-Mart က အတုယူခဲ့ခြင်းဖြစ်သည်။

ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ရောင်းချရာတွင် Wal-Mart က အောင်မြင်ခဲ့ခြင်းမှာ Logistics ဖြင့် စရိတ်များ လျှော့ချနိုင်၍ဖြစ်သည်။ ပြိုင်ဘက် K-Mart နှင့် Target Stores များထက် Wal-Mart ဈေးနှုန်းက သက်သာသည်။ Wal-Mart ၏ အမှုဆောင်အရာရှိချုပ် (C.E.O)သည် ယခင်က Logistician တစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ဖူး၍ Logistics အတွေးအခေါ်များကို လက်လီဈေးကွက်တွင် အသုံးချခြင်းဖြင့် ပြိုင်ဘက်များကို အလဲထိုးပြီး ကမ္ဘာတွင် အကြီးဆုံးလက်လီဆိုင်ကြီးအဖြစ် ထင်ရှားခဲ့ရခြင်းဖြစ်သည်။

စိတ်ပါဝင်စားသူ မည်သူမဆို STI Education တည်ရှိရာ အဆောင်(၄) အခန်း(၇) Myanmar Info-Tech, Hlaing Campus လှိုင်မြို့နယ်သို့လည်းကောင်း၊အမှတ်(၃၇၇) ရွှေဘုံသာ (အထက်)လမ်း ပန်းဘဲတန်းမြို့နယ်သို့လည်းကောင်း ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၁၅၂၊ ၅၀၇၀၄၈နှင့် ၅၀၇၁၅၁ တို့သို့ ဆက်သွယ်စုံစမ်း၍ လက်မှတ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ရွက်လှေနည်းစနစ်ဆိုင်ရာ နည်းပြသင်တန်းအဆင့်(၃)ဆင်းပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၆

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၏အစီအစဉ်အရ ဖွင့်လှစ်သည့် ရွက်လှေနည်းစနစ်ဆိုင်ရာ နည်းပြသင်တန်း အဆင့်(၃) ဆင်းပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ရန်ကုန်ရွက်လှေအသင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ရွက်လှေအဖွဲ့ချုပ်မှ နည်းစနစ်ကျွမ်းကျင်သူ ဗြိတိန်နိုင်ငံမှ Mr. Mike Hart၊ ဧည့်သည်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်တို့က အမှာစကားပြောကြားကြပြီး အပြည်ပြည်ဆိုင်ရာ ရွက်လှေအဖွဲ့ချုပ်မှ နည်းစနစ်ကျွမ်းကျင်သူ ဗြိတိန်နိုင်ငံမှ Mr. Mike Hart က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ပြီး မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာ ရွက်လှေအဖွဲ့ချုပ်မှ နည်းစနစ်ကျွမ်းကျင်သူအား လက်ဆောင်ပစ္စည်းများကို ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာဘဏ်တိုက်
စာကြည့်တိုက်

Rinnai Gas Cooker ကုန်ပစ္စည်းသစ်များ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၆

Myanmar Kowa International Co.,Ltd.က ဂျပန်နိုင်ငံမှ အသစ်တင်သွင်းလာသော Rinnai Gas Cooker ကုန်ပစ္စည်းသစ်များ မိတ်ဆက်ပွဲကို အောက်တိုဘာ ၂၀ရက် နံနက် ၁၀နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Myanmar Kowa International Co.,Ltd. အမှုဆောင်ဒါရိုက်တာ ဦးဝေလွင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အထွေထွေမန်နေဂျာ ဦးဝင်းမော်က ဂျပန်နိုင်ငံမှ အသစ်တင်သွင်းလာသော ရင်း(လ်)နိုင် Gas Cooker,Gas Oven & Grill နှင့် Rinnai Water Heater တို့ကို မိတ်ဆက် ရှင်းလင်းပြောကြားခဲ့သည်။ အသစ်ထပ်မံတင်သွင်းလာသော ပစ္စည်းများမှာ အန္တရာယ်ရှိပါက ဂက်(စ်)ကို အလိုအလျောက်ဖြတ်တောက်ပေးသည့် စနစ်ပါရှိသည့် Single Gas Cooker မော်ဒယ် အမှတ်HI-150 P အမျိုးအစား၊ အရွယ်အစားမျိုးစုံ အသုံးပြုချက်ပြုတ်နိုင်သည့် မီးဖို လေးဖို၊ 3 way အကင်စနစ်ဖြင့် အသုံးပြုနိုင်သည့် Grill ပိုင်းနှင့် မိမိကြိုက်နှစ်သက်ရာ သားငါးများကို မီးနှင့် တိုက်ရိုက်ထိတွေ့မှုမရှိဘဲ အပူချိန်ကို လိုအပ်သလို ၂၅၀ ဒီဂရီစင်တီဂရိတ်ထိ ချိန်ညှိနိုင်သော Oven တို့ပါဝင်သည့် Free Standing Gas Cooker with Oven & Grill မော်ဒယ်အမှတ် RSF-BM 23 အမျိုးအစား၊ မီးဖိုလေးဖို၊ မီးသွေးနှင့် ကင်သကဲ့သို့ အရသာရှိနိုင်သည့် Grillပိုင်း၊ သားငါးများကို မီးအားအပြင်းဆုံးထား ကင်နိုင်သည့် Broiler Funtion တို့ ပါဝင်သည့် Free Standing Gas Cooker with Oven & Grill မော်ဒယ်အမှတ် RFO-900 အမျိုးအစား၊ မီးဖို သုံးဖိုနှင့် အကင်ပါရှိသည့် မော်ဒယ်အမှတ် RTR-E 325G အမျိုးအစားသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို လျှော့ချပေးပြီး Greennovation စနစ်ပါရှိသည်။ မီးဖို နှစ်ဖိုသာပါရှိသော မော်ဒယ်အမှတ် RTR-M 200 အမျိုးအစားနှင့် RTR-D 201G မော်ဒယ်အမျိုးအစားတို့ ဖြစ်ကြောင်း သိရသည်။

Rinnai Gas Cooker ကုန်ပစ္စည်းသစ်များသည် တိုးတက်ခေတ်မီလာသော လူနေမှုပုံစံများနှင့်အညီ ဆန်းသစ်လှပ၍ ခေတ်မီနည်းပညာများဖြင့် ထုတ်လုပ်ထားသော Commerical Safety Single Gas Cooker, Double Gas Cooker, Free Standing Gas Cooker with Oven & Grill များအား Myanmar Kowa International Co.,Ltd. အမှတ် (၁၉၉) (၃၄)လမ်း (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၅၉၂၅၊ ၂၄၆၃၀၄ နှင့် ၇၃၀၀၇၇၇၃တို့သို့ ဆက်သွယ်နိုင်ပြီး အမြို့မြို့အနယ်နယ်ရှိ အရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

Myanmar Kowa International Co.,Ltd. အမှုဆောင်ဒါရိုက်တာ ဦးဝေလွင် Rinnai Gas Cooker ကုန်ပစ္စည်းသစ်များ မိတ်ဆက်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝိသုဇ္ဇာ(ပဲခူး)၏ ဗုဒ္ဓေါ တပတိ တေဇသာ စာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် နိုဝင်ဘာ ၆



စာရေးသူ ဝိသုဇ္ဇာ(ပဲခူး)၏ ဗုဒ္ဓေါ တပတိ တေဇသာ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။**(ယာပုံ)**

အဆိုပါစာအုပ်သည် စာရေးသူ၏ ၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးများကို စုစည်းဖော်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းစာအုပ်တွင် ဘဝမှတ်တိုင်တစ်ခု၊ ဘယ်ဝေ့ညာကူး လတန်ခူးဝယ် ပန်းမန်ငုံကင်း မြေသင်းလှိုင်ထုံ လကဆုန်ဝယ် မေထုန်ခွင် နွေစွန်လမှာမို့ မြတ်သောမဂ္ဂအကျင့်နှင့် ဝါဆိုလပြည့်နေ့ ဘဝအသစ်မဖြစ်သော တရားဦး၊ မြရည်သွန်းသို့ ထက်ဝန်းစုံညီ မိုးပွဲစည်၊ လျှံဝင်းဖြိုးဖြိုး ကန်ဆင်းမိုးလ ဂရုဓမ္မစသည့် မြန်မာ့ဆယ့်နှစ်လရာသီ ဆောင်းပါး ၂၂ ပုဒ်ကို ဖတ်ချင့်စဖွယ် ရေးသားထားသည်။

ရတနာမွန်မဂ္ဂဇင်း၊ ရတနာတံခွန်မဂ္ဂဇင်းအယ်ဒီတာချုပ် ဦးထွန်းလွင်(မိုးမခ-ဘီအေ)က ၎င်း၏အမှာစာတွင် "သို့ဖြင့် ကျွန်တော်ဆိုချင်ပါသည်။ စာဆိုရှင် ဝိသုဇ္ဇာ(ပဲခူး)၏ ဤစာအုပ်ကား မြန်မာမှုအနုပညာနယ်ပယ်၌ ထဲထဲဝင်ဝင် အခိုင်အမာထွန်းတောက်နေမည့် စာအုပ်တစ်အုပ်ပင်ဖြစ်ပါကြောင်း ကျွန်တော်မိတ်ဆက် ညွှန်းဆိုလိုက်ပါသည်" ဟု ထောက်ခံရေးသားထားသည်။

အဆိုပါစာအုပ်ကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်များနှင့် စာအုပ်ဆိုင်တိုင်း၌ တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ကွယ်လွန်သူ ဦးချန်ထွန်းအား ရည်စူး၍ ဇနီး ဒေါ်နုနုရီ မိသားစု ရွှေနှင်းဆီလမ်းသွယ်(၇) မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ခြောက်ထပ်သံဃာ့ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် နှစ်သိန်းကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံစဉ်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၄၃) ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၆

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၄၃)တွင် ကိုရီးယားမင်းသားဂျူမုံနှင့် လီဟားနားတို့နှင့်အတူ မြန်မာပရိသတ်များ ရုပ်ရှင်ကြည့်ရတော့မည်၊ မြန်မာ-ထိုင်းပူးပေါင်း၍ ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးစီမံကိန်း စတင်ဖော်ဆောင်၊ မြန်မာစီးပွားရေး တစ်ဟုန်ထိုးတိုးတက်လာမည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ပြောကြား၊ ရန်ကုန်နှင့်မန္တလေးရှိ ငါးသိန်းဖုန်း အွန်လိုင်းမှ စလျှောက်နိုင်ပြီ၊ မြန်မာနိုင်ငံ၏ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများ DDoS Attack ဖြင့် တိုက်ခိုက်ခံရ၊ ဂီရိမုန်တိုင်းမိနေသော နိုင်ငံခြားသင်္ဘောနှစ်စင်းအား အချိန်မီကယ်တင်နိုင်ခဲ့၊ အာရှသားများ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်၊ မြန်မာလေကြောင်းက ဝယ်ယူထားသော တရုတ် MA 60 လေယာဉ် သုံးစင်း ဒီဇင်ဘာတွင် ပျံသန်းမည်၊ ကျောက်ဖြူအပြည်ပြည်ဆိုင်ရာ လေဆိပ် ဆက်လက်လုပ်ဆောင်သွားမည်၊ အကြီးစား ရွှေတွင်းတူးဖော်ရေးလုပ်ငန်းများ၌ စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလာနိုင်ဖွယ်ရှိ၊ MBE က လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဆက်ပေးသွားမည်၊ အက်ဖ်အီးစီ ၂၀ တန်နှင့် ၅၀ တန် ဖုန်းကတ်များရောင်းချမှု ရပ်ဆိုင်းတော့မည်၊ ပါရမီယာဉ်များတွင် စီစီတီဗွီကင်မရာများ တပ်ဆင်ကာ စစ်ဆေးအပြစ်ပေးသွားမည်၊ မြန်မာလုပ်သားများ ထိုင်းသို့သွားရောက်လုပ်ကိုင်မှု လျော့နည်းလာ၊ ကြက်သွန်နီဈေး အနည်းငယ်ပြန်ကျ၊ စားအုန်းဆီဈေးနှုန်းငြိမ်နေ၊ ဖေဖေ. . . မေမေ. . . ရင်ငွေ့ခိုလှုံပါရစေ၊ ပြည်သူ့စေခံတွေသာဖြစ်ရမည်၊ Election Talk ပါတီစုံ၊ လူမျိုးစုံ ဖြစ်လာတယ်၊ အယူအဆတွေ အများကြီးပေါ်လာမှာဖြစ်ပါတယ် Party Talk စသည့် Political View ကဲ့သို့သော ဖတ်စရာမှတ်စရာ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ကြေးမြီ အကျပ်အတည်းက ပစ်မှတ်ရဲ့ အလယ်ဗဟိုတည့်တည့်ကို ထိမှန်နေပြီ စီးပွားရေးပညာရှင် ရာဂူဂျမ်ရာဂျန်နှင့် တွေ့ဆုံခြင်း၊ အစားအစာကြီးမားစွာ လေလွင့်မှုကို ကာကွယ်ခြင်း စသည့် နိုင်ငံတကာအင်တာဗျူး သုံးသပ်ချက် ဆောင်းပါးများနှင့်အတူ အင်ဒိုနီးရှားရှိ မီယာပီမီးတောင်ပေါက်ကွဲ၊ အနောက်တို့၏ ဒီမိုကရေစီအတိုင်း တရုတ်ပြောင်းမည်မဟုတ်၊ ဂျိမ်းစ်ဘွန်းစီးသည့်ကား လေလံတင်ရောင်းချ၊ မကျွတ်သေးတဲ့ စစ်သားတွေရဲ့ ဝိညာဉ်များ၊ အင်ဒိုနီးရှားဆူနာမီ ကယ်ဆယ်ရေးအခက်တွေ့နေ၊ ကျောရိုးရှိ သတ္တဝါများမျိုးသုဉ်းပျောက်ကွယ်မည့်အရေး ရင်ဆိုင်နေရ၊ ပိတ်ဆို့ခြင်းခံရသော်လည်း အီရန်တွင် ချမ်းသာသူ ပိုချမ်းသာ၊ ကိုရီးယားလက်သည်းနီဆိုးဆေးနှစ်မျိုးအား ပိတ်ပင်၊ အွန်လိုင်းဂိမ်းစွဲနေသော မိခင်က ရင်သွေးငယ်အား သတ်ဖြတ်၊ မုဒိမ်းမှုကျူးလွန်သူ ထောင်နှစ် ၅၀၀ ကျော်ကျ၊ အိပ်မရသူတို့အား အိပ်ပျော်စေမည့် ကိရိယာလာပြီ၊ အဆီအမြောက်အမြားစားသုံးသော အမျိုးသားတို့တွင် သုတ်ပိုးပျက်စီးစေနိုင်၊ မင်းသားလီယိုနာဒိုလူသတ်သမားအဖြစ် သရုပ်ဆောင်၊ Wonder Girls တို့ ဟော်လိုဝင်း မေတ္တာလက်ဆောင်ဆုဆွတ်ခူး စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာပြည်တစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆုချီးမြှင့်

မန္တလေး နိုဝင်ဘာ ၆

၂၀၁၀ ခုနှစ် ဒသမအကြိမ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို မန္တလေးမြို့ လမ်း(၈၀)၊ (၃၆)လမ်းနှင့် (၃၇) လမ်းကြားရှိ ဒိုမိနိုကလပ်၌ အောက်တိုဘာ ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းတို့မှ အားကစားသမား ၁၀၅ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ ဘိလိယက်နှင့် စနူကာပြိုင်ပွဲ တစ်ဦးချင်းနှင့် အသင်းလိုက်တို့တွင် ဆုရအားကစားသမားများနှင့် အသင်းများအား တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားဆုများကို မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး အသင်းလိုက် ပထမတံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းအားအားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က ပထမတံခွန်စိုက် ဆုဖလားနှင့် ငွေသားဆုတို့ကို ပေးအပ်ချီးမြှင့်သည်။**(အောက်ပုံ)**

(၄၆၉)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၁၁-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ အတီးပြိုင်ပွဲ
- ၈း၂၀ ၇။ တေးဂီတအစီအစဉ်
- ၈း၄၀ ၈။ International News
- ၈း၄၅ ၉။ "ရင်နှစ်ပန်းတို့လန်းစေချင်"
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၅၈)**
- ၁၂း၃၀ ၅။ Golf Magazine(TV)
- ၁၂း၅၀ ၆။ **မြန်မာရုပ်ရှင် "မာနသစ္စာ" (ကျော်ဟိန်း၊ လွင်မိုး၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ-ပြည့်ဝ)**
- ၂း၅၀ ၇။ International News
- ၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၁၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၂၅ ၄။ တေးဂီတအစီအစဉ်
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(စီးပွားရေးအထူးပြု) (စီးပွားရေးပညာ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ "မျက်စိအမြင်ရှင်သန်ရေး၊ ပဏာမမျက်စိကျန်းမာရေး စောင့်ရှောက်ပေး"
- ၅း၁၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ကာတွန်းအစီအစဉ် "BUGS'ADVENTURES" (အပိုင်း-၃၅)
- ၆း၄၀ ၁၂။ တစ်မျက်နှာ၊ တစ်ကွက်စာ "နှင်းဆီသုံးပွင့်ပုံပြင်" (ကောင်းပြည့်၊ ထွန်းလင်း၊ ချမ်းမီမီကို) [ဒါရိုက်တာ-မေတင်(MMG)]
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၂၉)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၇၂)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၈)**
- ၁၉။ အစီအစဉ်ပြီး၏။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

MNL GRAND ROYAL 2010 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ချန်ပီယံအသင်းက ဇေယျာရွှေမြေလား. . . ရတနာပုံလား. . .

ရန်ကုန်　နိုဝင်ဘာ　၆

၂၀၁၀ MNL Grand Royal အမှတ်ပေးဘောလုံးပြိုင်ပွဲမှာ မကြာမီ ပြီးဆုံးတော့မည်ဖြစ်ပြီး ချန်ပီယံအသင်းမှာလည်း ပြိုင်ပွဲ၏ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၂၂) မှသာ အဖြေပေါ်ထွက်မည်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲမှာ ယမန်နှစ် ၂၀၀၉ ပြိုင်ပွဲထက် ပိုမိုအကြိတ်အနယ်ရှိလာသည်ဟု ဆိုနိုင်ပြီး ၂၀၀၉ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံအသင်းမှာ စောစီးစွာ ပေါ်ထွက်ခဲ့သော်လည်း ယခုနှစ်တွင်မူ နောက်ဆုံးအချိန်ထိ အဆုံးအဖြတ်ခံယူကြရမည်ဖြစ်သည်။

"MNL အမှတ်ပေး ချန်ပီယံ ဆုဖလားကို မန်းတောင်ရိပ် ခိုနိုင်အောင် ကြိုးစားသွားမှာပါ"

ဒေါက်တာ စိုင်းဆမ်ထွန်း (အသင်းပိုင်ရှင်၊ ရတနာပုံ F.C)

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ၏ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ခံယူကြမည့်ပွဲမှာ ဇေယျာရွှေမြေအသင်းနှင့် လက်ရှိချန်ပီယံရတနာပုံအသင်းတို့၏ ပွဲစဉ်ဖြစ်သည်။ မူလက ချန်ပီယံဆုမျှော်လင့်နိုင်သည့် အသင်းများ စာရင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ကမ္ဘောဇအသင်းတို့ ပါဝင်ခဲ့သော်လည်း ပွဲစဉ်(၂၁)တွင် နိုင်ပွဲအသီးသီး ပျောက်ဆုံးခဲ့သောကြောင့် ချန်ပီယံမျှော်လင့်ချက်များ အဆုံးသတ်ခဲ့ရခြင်းဖြစ်သည်။ ဇေယျာရွှေမြေအသင်းနှင့် ရတနာပုံအသင်းတို့၏ ချန်ပီယံဆုအဆုံးအဖြတ်ပွဲစဉ်ကို နိုဝင်ဘာ ၉ ရက်တွင် မုံရွာကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ တစ်နည်းဆိုရသော် ယခုပွဲမှာ လက်ရှိချန်ပီယံ ရတနာပုံအသင်းကပင် ချန်ပီယံဘွဲ့ ဆက်လက်ထိန်းသိမ်းပြီး မြန်မာနေရှင်နယ်လိဂ်၏ အအောင်မြင်ဆုံးအသင်းအဖြစ် ဆက်လက်ရပ်တည်နိုင်မည်လား၊ ဇေယျာရွှေမြေအသင်းကပင် ပထမဦးဆုံးအကြိမ် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်မည်လားဆိုသည်ကို အဆုံးအဖြတ်ပေးမည့် ပွဲစဉ်လည်းဖြစ်သည်။

ပွဲစဉ်(၂၁) အပြီးတွင် ဇေယျာရွှေမြေအသင်းက ၁၉ ပွဲကစား၊ ၁၃ ပွဲနိုင်၊ ငါးပွဲသရေ၊ တစ်ပွဲရှုံး၊ သွင်းဂိုး ၄၀၊ ပေးဂိုး ၁၆ဂိုး၊ ရမှတ် ၄၄ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရတနာပုံအသင်းက ၁၉ပွဲကစား၊ ၁၂ ပွဲနိုင်၊ ငါးပွဲသရေ၊ နှစ်ပွဲရှုံး၊ သွင်းဂိုး ၄၂ဂိုး၊ ပေးဂိုး ၁၅ဂိုး၊ ရမှတ် ၄၁ မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ လက်ရှိအနေအထားအရ ဇေယျာရွှေမြေအသင်းမှာ သရေကျလျှင်ပင် ဗိုလ်စွဲနိုင်မည်ဖြစ်ပြီး ရတနာပုံအသင်းမှာ အနိုင်ရမှသာ ချန်ပီယံဆုကို ကာကွယ်နိုင်မည်ဖြစ်သည်။ ဇေယျာရွှေမြေအသင်းတွင် ကွင်းလယ်လူ ဒီယေဂိုနှင့် နောက်တန်းဘယ်အစွန်လူ ဒရာဂန်တို့ ပွဲပယ်ခံထားရသလို ရတနာပုံအသင်းတွင်လည်း ညှပ်ရိုးကျိုးဒဏ်ရာရရှိထားသည့် တိုက်စစ်မှူး အက်စလေ ပွဲပယ်ခံထားရသည်။ တိုက်စစ်မှူး ရန်ပိုင်၊ တောင်ပံကစားသမားများဖြစ်သည့် ချစ်စမ်းမောင်နှင့် ကမ်ဘူးတို့ ပါဝင်နိုင်မည် မဟုတ်ပေ။

ချန်ပီယံအဆုံးအဖြတ်ပွဲစဉ်နှင့်ပတ်သက်၍ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းက ယခုပွဲ အနိုင်ရလျှင် ချန်ပီယံဆုကို ကာကွယ်နိုင်မည်ဖြစ်၍ အစွမ်းကုန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းတွင် ဒဏ်ရာရနှင့် ပွဲပယ်ကစားသမားများရှိနေပြီး တိုက်စစ်မှူးများဖြစ်သည့် ရန်ပိုင်နှင့် အက်စလေတို့ မပါဝင်နိုင်၍ ရှေ့တန်းကို မပြည့်မစုံဖြစ်စေကြောင်း၊ သို့သော် အသင်းတွင်ရှိသည့် ကစားသမားများဖြင့် နေရာအပြောင်းအလဲလုပ်ကာ ကစားသွားမည်ဖြစ်ကြောင်း၊ အရေးကြီးသည့်ပွဲစဉ်ဖြစ်၍ နည်းစနစ်ဒါရိုက်တာ ရောဘတ်ကို ပြန်ခေါ်ထားသလို ယိုအန်နှင့်လည်း အနီးကပ်တိုင်ပင်ကာ အနိုင်ရရှိရန် ပြင်ဆင်နေကြောင်း၊ နှစ်သင်းစလုံး၏ လက်ရှိအနေအထားမှာ ကွာခြားမှုမရှိသလို နိုင်ခြေမှာလည်း နှစ်သင်းစလုံးတွင်ရှိကြောင်း၊ အချိန်အခါနှင့် ကံတရားပေါ်တွင်လည်း မူတည်ကြောင်း၊ ဘောလုံးဆိုတာ ပြောရခက်ပြီး အခွင့်အရေးအတူရှိကြောင်း၊ ပရိသတ်၏ အားပေးမှုမှာ မိမိတို့အသင်းအတွက် လွန်စွာအရေးပါ၍ မန္တလေးမြို့မှ ပရိသတ် လေးထောင်ဝန်းကျင် လာရောက်အားပေးရန် စီစဉ်ပေးထားကြောင်း၊ ဇေယျာရွှေမြေအသင်းမှာ အသင်းကြီးတစ်သင်းဖြစ်ပြီး ပြင်ဆင်မှုလည်း တော်တော်ကောင်းကြောင်း၊ မိမိအနေဖြင့် မန္တလေးမြို့မှ မိဘပြည်သူများအတွက် MNL အမှတ်ပေးဆုဖလားကို ထပ်မံရယူပေးလိုကြောင်း၊ အဆုံးအဖြတ်ပွဲတွင် နိုင်ပွဲရယူပြီး MNL ဆုဖလား မန်းတောင်ရိပ်ခိုနိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဇေယျာရွှေမြေအသင်းဥက္ကဋ္ဌ ဦးသူရိန်က ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲစဉ်ဖြစ်သည့် ရတနာပုံနှင့်ပွဲအတွက် ယခင်ပွဲများကဲ့သို့ပင် အနိုင်ရရှိအောင် ပြင်ဆင်ထားကြောင်း၊ အသင်း၏ လက်ရှိအနေအထားကို အားရမိသလို နည်းပြချုပ် စတီဖင်ဟန်ဆန်ကလည်း အုပ်ချုပ်၊ နည်းပြအဖွဲ့ဝင်များနှင့် တိုင်ပင်ကာ အနိုင်ရရှိရန် ပြင်ဆင်နေကြောင်း၊ ယမန်နှစ်က အသင်းမှာ ထင်သလောက် အောင်မြင်မှု မရခဲ့ဘဲ ယခုနှစ်တွင် ချန်ပီယံဆုနှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာခြင်းမှာ အသင်း၏နားလည်မှု ပိုကောင်းလာခြင်း၊ နိုင်ငံခြားသား ကစားသမားများ၏ စွမ်းဆောင်ရည် ပိုကောင်းလာခြင်းနှင့် ပြည်တွင်းကစားသမားများ ပိုမိုစည်းလုံးညီညွတ်လာ၍ဖြစ်ကြောင်း၊ ရတနာပုံနှင့်ပွဲစဉ်ကို မုံရွာမြို့မှ ပရိသတ်များမှာ ယခင်ပွဲများကဲ့သို့ပင် တစ်ခဲနက် လာရောက်အားပေးကြမည်ဖြစ်ပြီး မုံရွာမြို့ အနီးတစ်ဝိုက်မြို့နယ် ၂၀ မှ ပရိသတ်များအတွက် ကားများ စီစဉ်ပေးထားကြောင်း။

ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲစဉ်ဖြစ်၍ နှစ်သင်းစလုံး အနိုင်ရရှိရန် ကြိုးစားကြမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းမှာ သရေကျလျှင်ပင် ဗိုလ်စွဲမည်ဖြစ်သော်လည်း အနိုင်ရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်နှင့် မန္တလေး ပြိုင်ဆိုင်မှုပြင်းထန်သလို စစ်ကိုင်းနှင့် မန္တလေးမှာလည်း ယခင်ကတည်းက ပြိုင်ဆိုင်မှု ပြင်းထန်သည့်အသင်းများဖြစ်၍ ယခုပွဲမှာ ပိုမိုအကြိတ်အနယ် ရှိလာမည်ဖြစ်ကြောင်း၊ အနိုင်ရရှိရန် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၏ ဂုဏ်ဆောင်လိုကြောင်း ပြောကြားသွားခဲ့သည်။

အထက်မြန်မာပြည်ကိုယ်စားပြု နှစ်သင်းအပြိုင်လုကြမည့် ၂၀၁၀ MNL Grand Royal အမှတ်ပေး ဆုဖလားကြီးမှာ ဇေယျာရွှေမြေတို့ဆီမှာ ခိုလှုံခဲ့မလား၊ မန်းတောင်ရိပ်မှာ နောက်တစ်ကြိမ် နားခိုလေဦးမလားဆိုသည်ကိုမူ . . .။

သတင်းမှတ်စုနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

"MNL ဆုဖလားကို ပထမဦးဆုံး ရရှိအောင် ကြိုးစားသွားမှာပါ"

ဦးသူရိန် (ဥက္ကဋ္ဌ၊ ဇေယျာရွှေမြေ F.C)

MNL အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ပွဲစဉ်များ

၈-၁၁-၂၀၁၀
(သုဝဏ္ဏကွင်း)
Southern -မနော်မြေ

၉-၁၁-၂၀၁၀
(မုံရွာကွင်း)
ဇေယျာရွှေမြေ - ရတနာပုံ
(တောင်ကြီး)
ကမ္ဘောဇ-ဥဿာယူနိုက်တက်
(သုဝဏ္ဏကွင်း)
နေပြည်တော်-မကွေး

၁၀-၁၁-၂၀၁၀
(သုဝဏ္ဏကွင်း)
ရန်ကုန်ယူနိုက်တက်-Delta United

နေပြည်တော်ပျဉ်းမနားမဂ္ဂဇင်း ထွက်ပြီ

နေပြည်တော်　နိုဝင်ဘာ　၆

နေပြည်တော်ပျဉ်းမနား မဂ္ဂဇင်း အမှတ်(၅)ကို နေပြည်တော်ပျဉ်းမနား မြို့နယ်အသင်း (ရန်ကုန်)က ထုတ်ဝေဖြန့်ချိလိုက်သည်။**(ယာပုံ)** နေပြည်တော် ပျဉ်းမနားမဂ္ဂဇင်း အမှတ်(၅)တွင် မဂ္ဂဇင်း၏ အစဉ်အလာမပျက် နိုင်ငံကျော် ကလောင်ရှင်များ၊ ဒေသခံ ကလောင်ရှင်များ၏ လက်ရာသန့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများအပြင် နေပြည်တော် ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး မှတ်တမ်း၊ ဆင်ဖြူတော်နှင့် လှပဝေဆာ နေပြည်တော်ရှုခင်း မှတ်တမ်းဓာတ်ပုံများဖြင့် ဝေဝေဆာဆာ စုစည်းထုတ်ဝေခြင်းဖြစ်သည်။ နိုင်ငံကျော် စာပေအနုပညာရှင်များဖြစ်သည့် စောမုံညင်း၊ မောင်စူးစမ်း၊ တက္ကသိုလ်တင်ခ၊ မောင်ခင်မင်(ဓနုဖြူ)၊ ချစ်နိုင်(စိတ်ပညာ)၊ လယ်တွင်းသားစောချစ်၊ ချစ်စံဝင်း၊ ချစ်ဆွေမြင့်၊ ချစ်ဦးညို၊ ကိုတက္ကသိုလ်၊ လှထွန်း(တွံတေး)၊ နွမ်ဂျာသိုင်း၊ သခင်တင်မြ၊ သခင်လှကွန့်၊ နောင်၊ မြင်းမူမောင်နိုင်မိုး၊ မသက်ဆွေ(သရက်)၊ ခင်ဆွေမြင့်၊ မကြွယ်ကြွယ်၊ ပျဉ်းမနား မြင့်လှိုင်၊ ပျဉ်းမနားမောင်သင်းခိုင်၊ ပျဉ်းမနားမောင်နီသင်း၊ စောငုဝါ၊ ညွှန့်ဟန်(ကြူတော)၊ မရွှေမြိုင်၊ ကျော်မြင့်မြတ်၊ တိုက်စိုး၊ သစ်မောင်၊ မောင်ဟေမာ၊ မောင်သံငြိမ်း စသည်တို့၏ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများ ပါဝင်ပြီး တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ရောင်းချဖြန့်ချိကြောင်း သိရှိရသည်။(သတင်းစဉ်)

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော်　နိုဝင်ဘာ　၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** နမ့်စန်မြို့၊ ဟဲဟိုးမြို့၊ လွိုင်လင်မြို့၊ မင်းတပ်မြို့နှင့် ဟားခါးမြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း'ဂျယ်'(Jal)သည် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့(Chennai)၏ အရှေ့တောင်ဘက် မိုင် ၃၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း 'ဂျယ်' (Jal)သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နိုဝင်ဘာ ၇ ရက် ညနေထိခန့်မှန်းချက်။ ။ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမနေ ဒေါက်တာ တင်ထွန်းဦး(သုတစွယ်စုံစာအုပ်တိုက်)က နတ်မောက်မြို့နယ် စာရန်အိုင်ကျေးရွာ ကျေးရွာစာကြည့်တိုက်အတွက် တန်ဖိုးငွေကျပ် သုံးသိန်းဖိုးခန့်ရှိ စာအုပ်များကို ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အထက(၂) ကြည့်မြင်တိုင် အာစရိယပူဇော်မည်

ရန်ကုန်　နိုဝင်ဘာ　၆

အထက(၂) ကြည့်မြင်တိုင် (ဟုမ်းလမ်း/ထီးတန်း)၌ ၁၉၅၁ မှ ၂၀၁၀ ခုနှစ်အတွင်း ပညာသင်ကြားပို့ချခဲ့ပြီး အောက်တိုဘာ ၃၁ ရက်တွင် အသက်(၆၀)ပြည့် အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား (၂၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ထူးချွန် ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် (အမျိုးသားနေ့) နံနက် ၁၀ နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်နိုင်ကြောင်းနှင့် ပစ္စည်းနှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးဘနှင်း ဖုန်း-၂၁၅၃၁၃၊ ဦးစိန်ဟုတ် ဖုန်း-၅၁၃၉၇၂၊ ဗိုလ်မှူးစိုးဝင်း(ငြိမ်း) ဖုန်း-၂၂၅၈၇၄၊ ဦးခင်မောင်ထွေး ဖုန်း-၅၂၂၃၅၆၊ ဦးမြင့်ဆွေ ဖုန်း - ၆၉၁၂၇၂၊ ဦးစံဝင်း ဖုန်း-၂၂၅၉၁၄၊ ဦးတင်မင်း ဖုန်း-၀၉-၅၁၇၁၁၀၃၊ ဦးမြသန်း ဖုန်း-၂၁၂၈၂၃၊ ဒေါက်တာကျော်ဇော ဖုန်း -၅၁၇၂၄၃၊ ဦးထွန်းနိုင်ဝင်း ဖုန်း-၀၉-၅၄၀၈၄၇၅၊ ဦးရန်နိုင်သောင်း ဖုန်း-၂၂၃၉၄၆၊ ဦးသန်းထွန်းဝင်း ဖုန်း-၇၃၀၂၅၆၃၅ နှင့် ဦးစိန်ဝင်းမြင့် ဖုန်း- ၀၉-၅၁၈၀၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကြည့်မြင်တိုင်မြို့နယ် ဟံသာဝတီလမ်းရှိ အရိုးရောဂါ အထူးကုဆေးရုံကြီး ဓာတ်မှန်စက် ပြုပြင်ရန်အတွက် ဦးဝင်းတင်၊ ဒေါ်ဒေါ်ပု မိသားစုကိုယ်စား သာဓုအနောက်ရပ်ကွက် ဥက္ကဋ္ဌ ဦးလှမြင့် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ အနောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော် လက်ခံစဉ်။

(၅၄၆)

ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၁ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၃၀-၉-၂၀၁၀ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၁၀-၁၂-၂၀၁၀ ရက်နေ့မှ ၁၈-၁၂-၂၀၁၀ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်။

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်း / မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်တကျောင်းသို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး ကျောင်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ နှင့်လုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားပေးကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ် လစာ ၃၅၀၀၀ိ /-ကျပ်ကိုလည်းကောင်း ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၃၆၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး/စာရေး(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

	အဆင့်အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က)	တပ်ကြပ်ကြီး/စာရေး (တတိယတန်း)	၅၄၀၀၀	၂၀၀	၅၀၀၀	၅၉၂၀၀
(ခ)	တပ်ကြပ်ကြီး/စာရေး (ဒုတိယတန်း)	၅၄၀၀၀	၃၀၀	၅၀၀၀	၅၉၃၀၀
(ဂ)	တပ်ကြပ်ကြီး/စာရေး (ပထမတန်း)	၅၄၀၀၀	၄၀၀	၅၀၀၀	၅၉၄၀၀
(ဃ)	ဒုတိယအရာခံဗိုလ်/စာရေး	၆၆၀၀၀	၄၀၀	၅၀၀၀	၇၁၄၀၀
(င)	အရာခံဗိုလ်/စာရေး	၇၂၀၀၀	၄၀၀	၅၀၀၀	၇၇၄၀၀

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀ိ/- နှုန်းဖြင့် ၅၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

ပုသိမ်တက္ကသိုလ်
တစ်ဆယ့်တစ်ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ပုသိမ်တက္ကသိုလ်မှ ၂၀၀၈-၂၀၀၉ပညာသင်နှစ်နှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တို့တွင် ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ပုသိမ်တက္ကသိုလ် ကန်သာယာခန်းမတွင် ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၁။ **၁၇-၁၂-၂၀၁၀(နံနက်ပိုင်း) (၉း၀၀)နာရီ**

မဟာသုတေသနဘွဲ့အားလုံး	၂၀၀၉-၂၀၁၀ ပညာသင်နှစ်
ဥပဒေဘွဲ့(၂၀၀၅အောင်)အားလုံး(ဥပဒေပညာ)	၂၀၀၈-၂၀၀၉ ပညာသင်နှစ်
သိပ္ပံဘွဲ့(၂၀၀၆အောင်)(ဇီဝဓာတု၊ အဏုဇီဝ)	၂၀၀၈-၂၀၀၉ ပညာသင်နှစ်

၂။ **၁၇-၁၂-၂၀၁၀(မွန်းလွဲပိုင်း) (၁၃း၀၀)နာရီ**

မဟာဘွဲ့(၂၀၀၃အောင်)အားလုံး	၂၀၀၉-၂၀၁၀ ပညာသင်နှစ်

၃။ **၁၈-၁၂-၂၀၁၀(နံနက်ပိုင်း) (၉း၀၀)နာရီ**

ဂုဏ်ထူးဘွဲ့(၂၀၀၅အောင်)အားလုံး	၂၀၀၈-၂၀၀၉ ပညာသင်နှစ်

၄။ **၁၈-၁၂-၂၀၁၀(မွန်းလွဲပိုင်း) (၁၃း၀၀)နာရီ**

ဝိဇ္ဇာဘွဲ့(၂၀၀၆အောင်)(အရှေ့တိုင်းပညာ)	၂၀၀၈-၂၀၀၉ ပညာသင်နှစ်
သိပ္ပံဘွဲ့(၂၀၀၆အောင်) (ရုက္ခဗေဒ၊ Biotechnology)	၂၀၀၈-၂၀၀၉ ပညာသင်နှစ်

၅။ **၁၉-၁၂-၂၀၁၀(နံနက်ပိုင်း) (၉း၀၀)နာရီ**

ဝိဇ္ဇာဘွဲ့(၂၀၀၆အောင်)(အင်္ဂလိပ်စာ)	၂၀၀၈-၂၀၀၉ ပညာသင်နှစ်
သိပ္ပံဘွဲ့(၂၀၀၆အောင်)(ဓာတုဗေဒ)	၂၀၀၈-၂၀၀၉ ပညာသင်နှစ်

၆။ **၁၉-၁၂-၂၀၁၀(မွန်းလွဲပိုင်း) (၁၃း၀၀)နာရီ**

ဝိဇ္ဇာဘွဲ့(၂၀၀၆အောင်)(စိတ်ပညာ)	၂၀၀၈-၂၀၀၉ ပညာသင်နှစ်
သိပ္ပံဘွဲ့(၂၀၀၆အောင်)(သင်္ချာ၊ ဘူမိဗေဒ)	၂၀၀၈-၂၀၀၉ ပညာသင်နှစ်

၇။ **၂၀-၁၂-၂၀၁၀(နံနက်ပိုင်း) (၉း၀၀)နာရီ**

ဝိဇ္ဇာဘွဲ့(၂၀၀၆အောင်)(ဒဿနိကဗေဒ)	၂၀၀၈-၂၀၀၉ ပညာသင်နှစ်
သိပ္ပံဘွဲ့(၂၀၀၆အောင်)(ရူပဗေဒ)	၂၀၀၈-၂၀၀၉ ပညာသင်နှစ်

၈။ **၂၀-၁၂-၂၀၁၀(မွန်းလွဲပိုင်း) (၁၃း၀၀)နာရီ**

ဝိဇ္ဇာဘွဲ့(၂၀၀၆အောင်)(ပထဝီဝင်)	၂၀၀၈-၂၀၀၉ ပညာသင်နှစ်
သိပ္ပံဘွဲ့(၂၀၀၆အောင်) (အဏ္ဏဝါသိပ္ပံ၊စာရင်းအင်းပညာ)	၂၀၀၈-၂၀၀၉ ပညာသင်နှစ်

၉။ **၂၁-၁၂-၂၀၁၀(နံနက်ပိုင်း) (၉း၀၀)နာရီ**

ဝိဇ္ဇာဘွဲ့(၂၀၀၆အောင်)(မြန်မာစာ၊ သမိုင်း)	၂၀၀၈-၂၀၀၉ ပညာသင်နှစ်
သိပ္ပံဘွဲ့(၂၀၀၆အောင်)(သတ္တဗေဒ)	၂၀၀၈-၂၀၀၉ ပညာသင်နှစ်

အစမ်းလေ့ကျင့်ရက်။ ။**၁၅-၁၂-၂၀၁၀ရက် နံနက် ၈နာရီ**(ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူအားလုံး) အသေးစိတ်အစီအစဉ်ကို ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာန ကြော်ငြာသင်ပုန်းများတွင် ကပ်ထားပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာနှင့် ဘွဲ့ဝတ်စုံများကို ၁၂-၁၂-၂၀၁၀ရက်မှစ၍ ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ပေးပါမည်။

မော်ကွန်းထိန်း
ပုသိမ်တက္ကသိုလ်

ကုန်အမှတ်တံဆိပ်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ အမှတ်-၆၂/၆၄နေ ဒေါ်နော်တေးလေး[၁၂/ကတတ(နိုင်)၀၀၆၉၉၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ပူးတွဲဖော်ပြပါ "ဒေါ်ဂျူး" အမည်ရှိ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့တော် စာချုပ်စာတမ်းမှတ်ပုံတင် ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၈၁၃၄/၂၀၁၀)အရ တစ်ဦးတည်းမူပိုင်အဖြစ် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး ဖြစ်ပါသည်။




အထက်ပါ "ဒေါ်ဂျူး" အမည်စာတမ်း အမှတ်အသားဖြင့် ငါးဖယ်ချဉ်၊ ပုစွန်ချဉ်နှင့် ငါးချဉ်အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နော်တေးလေးတစ်ဦးတည်း မူပိုင်သုံးစွဲလျက်ရှိသော အထက်ပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အခြားမည်သူတစ်ဦးတစ်ယောက်က ပုံတူကူး၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ အတုအပ ပြုလုပ်သုံးစွဲလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရန်နှင့် ပြုလုပ်သူများအား တွေ့မြင်ကြားသိရပါက မိမိတို့၏ လုပ်ငန်းအကျိုးစီးပွားကို ထိခိုက်နစ်နာမှုတို့အတွက် လျော်ကြေးငွေများ တောင်းဆိုနိုင်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်သင်းသင်းအောင် (LL.B)	**ဒေါ်ယဉ်မင်းသူ(LL.B) (LL.M)**
အထက်တန်းရှေ့နေ(စဉ်-၂၄၂၀၇)	**အထက်တန်းရှေ့နေ (စဉ်-၂၄၀၃၄)**
အမှတ်(၂၇)၊ ၅-လွှာ(ဘီ)၊ အသောကလမ်း၊	**အမှတ်(၁၂၄)၊ အေးရိပ်သာလမ်း**
မလွကုန်းဒွေးကြွယ်(က)ရပ်ကွက်၊ တာမွေ	**(၄၃)ရပ်ကွက်၊ မြောက်/ဒဂုံမြို့သစ်**

ဧော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
25% Discount
(၃၂/A)
Ph:01-545531/01-730-99771/01-730-58161/09-500-8161

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/သမိုင်း၊ မြေကွက်အမှတ် ၁ /ဃ[7b]၊ မြေကွက်တည်နေရာအမှတ် (၄/က-၇)၊ အေးရိပ်ငြိမ်လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်း [ဦးသိန်းလွင်(ခ)လီရှောင်ပိတ်(ခ)လီစီအောင်ပိတ်] အမည်ပေါက် ဘီ-မြေပိုင် လ/န အိမ်ရာမြေအား အမည်ပေါက်ထံမှ အရောင်းအဝယ် စာချုပ်အမှတ် ၃၉၀၅/၂၀၁၀ (၁၂-၁၀-၁၀) အရ ဦးအေးချစ်[၁၂/မဘန(နိုင်)၀၁၂၁၄၀]မှ အမည်ပြောင်းလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ဖွင့်လှစ်လိုက်သည့် နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုင်ဘာစီးတီး) ကို တွေ့ရစဉ်။

မြန်မာ့အိုင်စီတီအဆင့်အတန်း တိုးတက်မြင့်မားရေး ကြိုးပမ်းဖော်ဆောင်ပေးနေသော ရတနာပုံဆိုင်ဘာစီးတီး

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ရတနာပုံနည်းပညာမြို့သစ်(ရတနာပုံဆိုင်ဘာစီးတီး)တွင် ပြီးခဲ့သည့် အောက်တိုဘာ ၁၇ ရက်က မြန်မာ့အိုင်စီတီအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အရေးပါသော အခမ်းအနားများကို ကျင်းပနိုင်ခဲ့သည်။ အဆိုပါ အခမ်းအနားများမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ဖွင့်ပွဲနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၏ ရတနာပုံ အင်တာနက်အိတ်ချိန်း၊ ရတနာပုံ Web Portal နှင့် Tripple Play Soft Switch များ ဖွင့်ပွဲအခမ်းအနားတို့ပင် ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ-ကြေးမုံ

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဂျယ်" မြန်မာနိုင်ငံဘက်သို့ ရွေ့လျားမည့်အခြေအနေမရှိ

နေပြည်တော် နိုဝင်ဘာ ၆

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဂျယ်" (Jal) သည် အိန္ဒိယနိုင်ငံ ချင်းနိုင်(Chennai)မြို့၏ အရှေ့တောင်ဘက်မိုင် ၂၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"ဂျယ်" (Jal) သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဂျယ်" (Jal)၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

မုန်တိုင်း၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)